အိုင်လေးတူကျေးရွာ

မိုးညှင်းမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အိုင်လေးတူကျေးရွာ၊ မိုးညှင်းမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ

မာတိကာ

မာတိကာ ၁

အတိုကောက်စကားလုံးများ ၄

စကားချီး ၅

အိုင်လေးတူကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ် ၇

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် **၈**

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်အား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ ၂၁

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၃
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၈

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ **၃၃**

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

(၂) ကဏ္ဍအသီးသီး၏**လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏**စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် **ရေသွင်းဇရိယာ**
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ **မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**
ဇယား ၂၀ **မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ**
ဇယား ၂၁ **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃-က **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား ၂၃-ခ **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် **ပြဿနာနှင့် အခက်အခဲ**များ
ဇယား ၂၄ **ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ**
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား **၂၆** ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ **သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ**
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ **ပညာရေး** အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ **အဖြစ်များသော** ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ **ရေကြောင်း** သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား **၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ**
ဇယား **၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ**
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေ ၆၉
ကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေသောအခြေအနေ
ကောင်းများ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်အဟန့်အတားနှင့်
ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၇၃

ကိုးကားစာရင်း ၇၄

အတိုကောက်စကားလုံးများ

AIDS	ခုခံအားကျဆင်းမှုရောဂါ
DRD	ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
HIV	ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ်
MADB	မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
MEB	မြန်မာ့စီးပွားရေးဘဏ်
MMK	မြန်မာကျပ်
MoALI	စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
NGO	အစိုးရမဟုတ်သောအဖွဲ့အစည်း
PRA	ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း

SLRD	ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန
STD	လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ
PTA	မိဘဆရာအသင်း
TB	တီဘီရောဂါ
VDG	ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏


ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

စက်တင်ဘာ၊ ၂၀၁၆

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
အိုင်လေးတူကျေးရွာ
မိုးညှင်းမြို့နယ်

အိုင်လေးတူ ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ်



အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

၁ နိဒါန်း

၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင် ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည်ကချင်ပြည်နယ်၊မိုးညှင်းမြို့နယ်အတွင်း ရှိအရှေ့တောင်အာရှတွင်အကြီးဆုံးရေ ချိုအိုင်ဖြစ်သောအင်းတော်ကြီးအိုင်၏မြောက်ဘက်ဘေးတွင်တည်ရှိပြီးအုပ်ချုပ်ရေးရုံးစိုက်ရာမိုးညှင်း မြို့နှင့်မိုင်(၅၀)ခန့်တွင်တည်ရှိပြီးလမ်းပမ်းဆက်သွယ်ရေးခက်ခဲပါသည်။ကျေးရွာသည်မြေပြန့်ဒေသ တွင်တည်ရှိပြီးအဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာစိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများဖြစ် ကြသည်။ဒေသ၏တစ်နှစ်ပျမ်းမျှမိုးရေချိန်လက်မမှာ ၈၀ မှ ၁၀၀ ကြားရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများ အတွက်အထောက်အကူဖြစ်ပါသည်။ကျေးရွာသည်ကုန်းမြင့်တောင်ခြေတွင်တည်ရှိပြီးရေကြီးရေလျံ ခြင်းမှကင်းလွတ်သည်။ ကျေးရွာသည်အင်းတော်ချောင်း၏အနောက်ဘက်တွင်တည်ရှိပြီးစိုက်ပျိုးမြေ ပေါများသော်လည်းရေဝပ်ဧရိယာပေါများသဖြင့်ပွင့်လင်းရာသီတွင်မုန်ညှင်းနှင့်ပဲတို့သာစိုက်ပျိုးနိုင် သည်။ အဓိကစိုက်ပျိုးရေးလုပ်ငန်းမှာစပါးဖြစ်ပြီးတစ်တွင်တစ်သီးစားသာစိုက်ပျိုးနိုင်သည်။၂၀၁၅ ခု နှစ်တွင်ရေကြီးရေလျံခြင်းကြောင့်ကျေးရွာထိရေမတက်သော်လည်းကျေးရွာချင်းဆက်လမ်းတံတား များစိမ့်စမ်းရေကန်များပျက်စီးခဲ့ရပါသည်။ကျေးရွာသည်တောင်ခြေတွင်တည်ရှိနေသောကြောင့်ရေ ကြီးရေလျှံခြင်းအန္တရာယ်မှကင်းလွတ်ပါသည်။

(ခ) သဘာဝအရင်းအမြစ်

လယ်ယာမြေအသင့်အတင့်ရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီအသင့်အတင့် ကောင်းမွန်ပါ သည်။အင်းတော်ကြီးအင်းမှစီးဆင်းသောချောင်းရှိနေသဖြင့်ငါးမျိုးစိတ်များလည်းပေါများသည်။ရွှေ တူး ခြင်းလုပ်ငန်းများလည်းလုပ်ကိုင်ကြသည်။စပါးစိုက်ဧက(၂၄၉၂)ဧကရှိပြီးဆောင်းသီးနှံစိုက်ဧက (၁၇၀)ဧကရှိပါသည်။ကျေးရွာနှင့်(၃)မိုင်အကွာမှသဘာဝစိမ့်စမ်းရေကန်တည်ဆောက်၍ကျေးရွာတွ င်း သွယ်တန်းကာရေအရင်းအမြစ်ထုတ်ယူသုံးစွဲလျက်ရှိပါသည်။ယခုအခါတွင်၂၀၁၅ခုနှစ်ကရေကြီး ခြင်းကြောင့်ရေပိုက်လိုင်းများပျက်စီးလျက်ရှိပါသည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျေးရွာတွင်အိမ်ထောင်စုပေါင်း(၁၉၈)စုရှိပြီး၊လူဦးရေမှာကျား(၅၈၇)၊မ(၅၉၀)ဦးဖြင့်လူဦးရေပေါင်း(၁၁၇၇)ဦးရှိကာတစ်အိမ်ထောင်လျှင်ပျမ်းမျှ(၆)ဦးနှုန်းဖြင့်နေထိုင်ကြသည်။ကျေးရွာတွင်ရှမ်းနီလူမျိုးများအများဆုံးနေထိုင်ကြပြီးအလုပ်လုပ်နိုင်သောအရွယ်သည်ကျေးရွာရှိလူဦးရေပေါင်း၏၆၆% ခန့်ရှိသဖြင့်လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာလူငယ်များကိုလေ့ကျင့်သင်ကြားပေးပြီးဒေသစီးပွားရေးလုပ်ငန်းများကိုတိုးတက်အောင်စွမ်းဆောင်နိုင်ပါသည်။အလုပ်လုပ်နိုင်သောအရွယ်ရှိအမျိုးသမီးဦးရေသည်အမျိုးသားဦးရေနှင့်ညီတူညီမျှရှိနေပါသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာတွင် အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် လျော့နည်းလျက်ရှိသည်။ ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စု အားလုံး၏ (၂၂%)ခန့်သည် အဆင်ပြေသောအိမ်ထောင်စု၊ ၄၄ ရာခိုင်နှုန်းသည် အလယ်အလတ်အိမ်ထောင်စုဖြစ်ပြီ(၄၅) ရာခိုင်နှုန်းသည်ဆင်းရဲသောအိမ်ထောင်စုနှင့် အလွန်ဆင်းရဲသောအိမ်ထောင်စုများ ဟုသတ်မှတ်ပါသည်။ ကျေးရွာတွင်လယ်ယာမြေပိုင်ဆိုင်မှု၊ လယ်ယာသုံးစက်ကရိယာများနှင့်စိုက်ပျိုးနိုင်မှုတို့ကြောင့်ကျေးရွာ၏စီးပွားရေးအနေအထားမှာအသင့်အတင့်အဆင်ပြေသည်ဟုပြောနိုင်ပါသည်။ချမ်းသာသောအိမ်ထောင်စုများအပြင်အခြားလယ်သမားအိမ်ထောင်စုအချို့မှာစိုက်ပျိုးရေးလုပ်ငန်းများဖြင့်အဆင်ပြေနေကြပါသည်။

ယင်းတို့အနက်ကျေးရွာတွင်ဆင်းရဲအဆင့်သည် ထက်ဝက်ခန့်ရှိပြီးမြေယာအနည်းငယ်ပိုင်သောလယ်သမားများလက်လုပ်လက်စားမြေယာမဲ့အိမ်ထောင်စုများပါဝင်သည်။ ကျေးရွာတွင်မြေယာမဲ့အိမ်ထောင်စုအရေအတွက်နှင့် ဆင်းရဲအိမ်ထောင်စုမြင့်မားပြီးဆင်းရဲနှင့်အလွန်ဆင်းရဲအဆင့်တွင်(၄၅%)ခန့်ရှိကြသည်။

(ဂ)ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်လွယ်မှု

ကျေးရွာတွင်မြေယာမဲ့အိမ်ထောင်စု ၂၅% ရှိပြီးမိုးရာသီစိုက်ပျိုးချိန်နှင့်ဆောင်းတွင်းကာလရိတ်သိမ်းချိန်များတွင်သာအလုပ်အကိုင်ရှိကြပြီးကျန်အချိန်များတွင်အလုပ်အကိုင်ရရှိရန်ခက်ခဲလှပါသည်။စပါးစိုက်ပျိုးခြင်းမှာလည်းတစ်နှစ်လျင်တစ်သီးစားသာစိုက်ပျိုးနိုင်ကြသည်။ကျေးရွာ၏ဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုများ၏ ၃၀ % ဖြစ်သောအိမ်ထောင်စု(၃၁)စုကိုလေ့လာဆန်းစစ်မှုအရသူတပါးထံမှမချေးငှားပဲ(၃)လထိစားသုံးနိုင်ကြကြောင်းလေ့လာတွေ့ရှိရသည်။အကြွေးတင်ရှိမှုတွင်တွေ့ကြုံခဲ့ရသောအိမ်ထောင်စုအားလုံးသည်အကြွေးငွေ(၅၀၀၀၀၀)မှ(၂၀၀၀၀၀၀)ထိသို့မဟုတ် ကြို ရောင်းစပါး(၅၀၀)တင်းမှ(၈၀၀)တင်းထိတင်ရှိနေကြသည်။

ကျေးရွာရှိအိမ်ထောင်စုအားလုံး၏၆% ခန့်သည်အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများဖြစ်ကြပြီးထိုအိမ်ထောင်စုများမှာဆင်းရဲပြီးမိသားစုဦးရေများပြားကြသည်။မဆိုးဖို၊တခုလပ်ဦးဆောင်သည့်အိမ်ထောင်စု(၁)စုသည်ဆင်းရဲထိခိုက်လွယ်သောအိမ်ထောင်စုများဖြစ်ကြသည်။

အခြားထိခိုက်လွယ်သောအိမ်ထောင်စုများမှာမိသားစုစောင့်ရှောက်မှုအားနည်းသည့်သက်ကြီးရွယ်အို(၆၀)နှစ်အထက်(၅)ဦး၊(၇၀)နှစ်အထက်(၁၅)ဦး၊(၈၀)နှစ်အထက်(၈)ဦး၊(၉၀)နှစ်အထက်(၄)ဦးတို့ဖြစ်ကြသည်။ကျေးရွာရှိလူငယ်လူရွယ်များသည်မူးယစ်ဆေးသုံးစွဲခြင်းကြောင့်ကူးစက်ရောဂါအန္တရာယ်များဖြစ်တတ်ကြသည်။ယခုနှစ်ပိုင်းတွင်မူးယစ်ဆေးကြောင့်မတော်တဆရှောဖြစ်သေဆုံးသူ(၃)ဦးရှိခဲ့သည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသူရွာသားအများစုသည် သာမန်အားဖြင့်ကျန်းမာရေးကောင်းမွန်ကြပြီးအဟာရပြည့်ဝမှုရှိကြသည်။ကလေးငယ်အများစုမှာလည်းကျန်းမာကြသည်။ အမျိုးသမီးလူငယ်လူရွယ်သက်ကြီးပိုင်းတို့သည်လည်းတစ်ကိုယ်ရည်သန့်ရှင်းရေးနှင့်ကျန်းမာရေးအသိရှိကြသည်။ကျေးရွာသားများအနေဖြင့်လည်းကျန်းမာရေးစောင့်ရှောက်မှုကိုကျေးရွာတွင်းဌပင်ရရှိနိုင်ကြပြီးကျေးရွာမှတစ်မိုင်ခွဲခန့်အကွာတွင်တိုက်နယ်ဆေးရုံရှိပြီးမိုးတွင်းကာလတွင်သွားလာရေးခက်ခဲလှပါသည်။

(င) ပညာရေးနှင့် ကျန်းမာရေး

ကျေးရွာ၏ပညာရေးအဆင့်မှာအသင့်အတင့်ရှိကြောင်းတွေ့ရသည်။ ကျေးရွာသူရွာသားတို့သည်အရေးအဖတ်အတွက်တို့ကိုအသင့်အတင့်တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက်အလွန်နည်းပါးပါသည်။ ကျေးရွာတွင်မူလတန်းကျောင်းကိုတက်ရောက်သင်ကြားနိုင်ကြပြီးအလယ်တန်းနှင့်အထက်တန်းကျောင်းကိုမူတစ်မိုင်ခွဲခန့်အကွာရှိအုပ်စုကျေးရွာတွင်သွားရောက်သင်ယူကြရသည်။ကျေးရွာချင်းဆက်လမ်းများမကောင်းသဖြင့်ခြေလျင်တက်ရောက်ကြရသည်။အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအနေဖြင့်နိမ့်ကျဆဲဖြစ်ပြီးလူငယ်လူရွယ်များအတွက်လည်းအလုပ်အကိုင်အခွင့်အလမ်းများနည်းပါးဆဲဖြစ်ပါသည်။

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင် ကျားမ ရေးရာကိစ္စဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျေးရွာအပေါ်တာဝန်ယူမှုအပိုင်းတွင်လည်းကျေးရွာလူမှုအဖွဲ့အစည်းများ၏စံနှုန်းအရကောင်းမွန်စွာတာဝန်ယူဆောင်ရွက်ကြသည်။ ကျေးရွာတွင်ကျားနှင့်မကြားပြင်းထန်သောအိမ်တွင်းအကြမ်းဖက်မှုများ၊ခွဲခြားဆက်ဆံခြင်းများမတွေ့ရပေ။

ကျေးရွာတွင်အမျိုးသားအမျိုးသမီးများသည်သာမန်အားဖြင့် ပညာရေးနှင့်အခြားသောနယ်ပယ်များတွင်အခွင့်အရေးတူညီစွာရရှိကြသည်။ ပညာရေးနှင့်ဆိုင်သောကိစ္စရပ်များတွင်မူမူလတန်းနှင့်အလယ်တန်းအဆင့်များတွင်အမျိုးသားဦးရေပိုမိုများပြားနေသော်လည်း အထက်တန်းဘွဲ့ရများတွင်အမျိုးသမီးဦးရေပိုမိုများပြားနေသည်။ပညာသင်ယူမှုဆိုင်ရာတွင်လည်း အမျိုးသမီးများသည်အမျိုးသားများနှင့်အခွင့်အရေးတန်းတူပင်ဖြစ်သည်။ ကျေးရွာ၏လုပ်ငန်းအသီးသီးလုပ်ကိုင်ရာတွင်မည်သည့်နေရာတွင်ဖြစ်စေအမျိုးသမီးများထက်အမျိုးသားများကလုပ်အားခငွေပိုမိုရရှိကြသည်။ အားစိုက်ထုတ်မှုချင်းတူသော်လည်းအမျိုးသမီးများ၏လုပ်အားခသည် အမျိုးသားများထက်လျော့နည်းသည်။သို့သော်တဖြေးဖြေးဖြင့်အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် အမျိုးသမီးတို့၏လုပ်အားပါဝင်မှု အလွန်အားနည်းလျက်ရှိသည်။ ကျား/မတန်းတူညီမျှမှုနှင့်ပါတ်သက်ငအသိပညာပေးခြင်းများမြင့်တင်ဆောင်ရွက်ပေးခြင်းဖြင့်ကျားမတန်းတူညီမျှမှု၊ဖွံ့ဖြိုးမှုတို့အတွက်ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင်လူမှုရေးဆိုင်ရာအဖွဲ့အစည်း(၅)ဖွဲ့ရှိသည်။ယင်းအဖွဲ့အစည်းများသည်ပြင်ပမှဖွဲ့စည်းပေးထားသောလူမှုရေးဆိုင်ရာအဖွဲ့များဖြစ်သည်။အရံမီးသတ်နှင့်အမျိုးသမီးရေးရာအဖွဲ့မှာဆောင်ရွက်လှုပ်ရှားမှုအားနည်းနေသေးသည်။ကျေးရွာရှိအဆိုပါအဖွဲ့အစည်းများမှာတစ်ဖွဲ့နှင့်တစ်ဖွဲ့ကြားချိတ်ဆက်ဆောင်ရွက်မှုအားနည်းနေသေးသည်။ကျေးရွာရှိအဆိုပါအဖွဲ့အစည်းများမှာတစ်ဖွဲ့နှင့်တစ်ဖွဲ့ကြားချိတ်ဆက်ဆောင်ရွက်မှု၊အဖွဲ့အစည်းဆိုင်ရာသဘောတရားတို့နှင့်ပတ်သက်၍အားနည်းကြပြီးအဖွဲ့အစည်းများစွမ်းဆောင်ရည်မြင့်တင်ရေးသင်တန်းများရရှိနိုင်ပါကဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုပိုမိုတိုးတက်ကောင်းမွန်လာစေနိုင်ပါသည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင်ဆန်စပါးကိုအဓိ**ကစိုက်ပျိုးကြပြီး ဆောင်းသီးနှံအဖြစ်မုန့်ညှင်းကိုအဓိကထားစိုက်ပျိုးကြသည်။** မိုးစပါးစိုက်ပျိုးကြသည့်ဧက(၂၄၉၂)ဧကကျော် ရှိသော်လည်းမုန့်ညှင်းကိုသီးထပ်အဖြစ်ဧက(၁၇၀)ကျော်စိုက်ပျိုးကြသည်။ မိုးစပါးပျမ်းမျှအထွက်နှုန်းမှာ(၁)ဧကလျင်(၆၀)တင်းထွက်ရှိပါသည်။

စိုက်ပျိုးရေးဦးစီးဌာနမှနည်းပညာဝန်ဆောင်မှုများလိုအပ်ပါသည်။ စိုက်ပျိုးရေးကုမ္ပဏီများမှလည်းလမ်းပမ်းဆက်သွယ်ရေးခက်ခဲသောကြောင့်ဝန်ဆောင်မှုမပေးနိုင်ပါ။တောင်သူအများစုသည်လုပ်ငန်းခွင်အတွက်အလုပ်သမားမလုံလောက်မှုပြဿနာကိုရင်ဆိုင်ရပြီးလုပ်အားခပိုပေးမှသာလုပ်သားငှားရမ်းရရှိနိုင်ကာကုန်ကျစရိတ်မြင့်မားကြရသည်။အချို့တောင်သူများမှာအလုပ်သမားရှားပါးခြင်းနှင့်စိုက်ပျိုးစရိတ်မြင့်မားမှုတို့ကိုကျော်လွှားနိုင်ရန်စပါးစိုက်ရာတွင်ကြေပက်စနစ်ကိုသုံးပြီးရိတ်ခြွေ

စက်ကိုင်ဌာနရမ်းအသုံးပြုကြသည်။ထိုသို့ပြုလုပ်ရာတွင်ရိတ်ခြွေဖြင့်သိမ်းသောစပါးကိုဝယ်ယူသူနည်း ပါးပြီးစျေးနှိမ်ခြင်းတို့ကြုံတွေ့ရသည်။ စပါးစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ပြီး ယင်းဖျက်ပိုးများသည်ပိုးသတ်ဆေးအချို့ကိုခံနိုင်ရည်ရှိကြသဖြင့် တောင်သူများအနေဖြင့်ထိရောက် သောဖျက်ပိုးနှင့်ပေါင်းနှိမ်နှင်းရေးနည်းစနစ်ကိုလိုလားနေကြသည်။တောင်သူများသည်တခါတရံတွင် မိုးရွာသွန်းမှုမညီမျှမှုနှင့်လည်း ရင်ဆိုင်ရတတ်သည်။

ကျေးရွာတွင်ဝက်မွေးသူအိမ်ထောင်စုအရေအတွက်မှာတဏ္ဍာရွာလုံး၏(၈၈%)ခန့်မွေးမြူကြ သည်။ဒေသဝက်မျိုးများကိုသာမွေးမြူကြသည်။ဒေသကြက်မွေးမြူကြသောအိမ်ထောင်စုသည်လည်း တစ်ရွာလုံး၏(၇၃%) ကျွဲမွေးသောအိမ်ထောင်စုမှာတစ်ရွာလုံး၏(၁၉%)၊နွားမွေးမြူရေးမှာတစ်ရွာ လုံး၏(၆၇%)၊ဘဲမွေးမြူရေးတစ်ရွာလုံး၏(၂%)ခန့်ရှိကြပြီးစျေးကွက်ဝယ်လိုအားနည်းပါသည်။ရာသီအ လိုက်ဖြစ်တတ်သောရောဂါများကြောင့်ကြက်၊ဝက်၊ကျွဲ၊နွားများနှစ်စဉ်သေဆုံးမှုများရှိပါသည်။နည်းပ ညာဝန်ဆောင်မှုကိုမွေး/ကုဋ္ဌီးစီးဌာနမှရရှိနိုင်သော်လည်း လမ်းပမ်းဆက်သွယ်ရေးခက်ခဲခြင်း၊ ဝန်ထမ်းအင်အားမလုံလောက်ခြင်းတို့ကြောင့်လွမ်းခြုံဆောင်ရွက်ပေးနိုင်မှုအားနည်းပါသည်။မွေးမြူ ရေးလုပ်ငန်းပိုင်းဆိုင်ရာအဟန့်အတားများအနေဖြင့်မွေးမြူရေးအစာစျေးကြီးခြင်း၊ဝယ်ယူရန်ခက်ခဲ ခြင်းများ၊လိုအပ်သည့်စရိတ်ချေးငွေများမရရှိနိုင်ခြင်းတို့ကြောင့်ဆင်းရဲသောမိသားစုများမှမွေးမြူရေးလု ပ်ကိုင် ရန်ခက်ခဲပါသည်။ချေးငွေကိုရွာထဲမှရရှိနိုင်သော်လည်းအတိုးနှုန်းမြင့်မားသဖြင့်လုပ်ကိုင် ဆောင်ရွက်နိုင်ခြင်းမရှိကြပေ။ငါးမွေးမြူရန်မြေနေရာအဆင်ပြေသော်လည်းအရင်းအနှီးမရှိသဖြင့်မွေး မြူနိုင်ခြင်း မရှိပေ။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှု ထုတ်ကုန်လုပ်ငန်းမရှိပေ။ အခြားဝင်ငွေရလုပ်ငန်းများအနေဖြင့် နေ့စား၊စျေးရောင်း၊အလုပ်များလုပ်ကိုင်ကြသည်။ အခြားလုပ်ငန်းများမရှိပဲရာသီ အလိုက်နေ့စားအ လုပ်များသာလုပ်ကိုင်ကြရသဖြင့်တွက်ချေကိုက်မှုနည်းပါးသည်။ လက်လုပ်လက်စားအလုပ်များမှာ စိုက်ပျိုးရာသီတွင်သာအလုပ်ရှိပြီးကျန်အချိန်များတွင်အလုပ်အကိုင်နှင့်ဝင်ငွေမမှန်ခြင်းတို့ကြောင့်အ ဆင်ပြေမှုနည်းပါးသည်။

ကျေးရွာတွင်အလုပ်လုပ်နိုင်သောအရွယ်လူဦးရေများပြားပြီး အခြေအနေမှာကျေးရွာအတွက် အလားအလာကောင်းတစ်ရပ်ဖြစ်ပါသည်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက်မြို့ပေါ် တွင်သင်တန်းတက်ရောက်နိုင်ရန်ဝန်ဆောင်မှုပေးသောလုပ်ငန်းအဖွဲ့များလည်းရှိသော်လည်းအများစု မှာငွေ ကြေးမတတ်နိုင်မှုတို့ကြောင့်အလုပ်လက်မဲ့ဦးရေများပြားလာရသည်။အပ်ချုပ်စက်၊ဇာထိုး၊ပန်း ထိုး၊အလှပြင်၊မုန့်ဖုတ်လုပ်နည်း၊ဆိုင်ကယ်ပြင်၊ဖုန်းပြုပြင်ရေး၊ကားမောင်း၊ဝပ်ရှော့စသည့်အသက်မွေး ဝမ်းကျောင်း ပညာရပ်များအတွက်လုပ်ငန်းခွင်သုံးပညာအရည်အချင်းပိုင်းတွင်လည်းနိမ့်ကျပြီးသင်

တန်းစရိတ်ကျခံရန်နှင့် လုပ်ငန်းထူထောင်ရန်ထိငွေကြေးတတ်နိုင်သူတို့သာသင်တန်းများသို့တက်ရောက်နိုင်ကြသည်။

(ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာရှိစိုက်ခင်းများတွင်ဖျက်ပိုးကျရောက်တတ်ခြင်းကြောင့်ပိုးသတ်ဆေးနှင့်ဓာတုဓာတ်မြေဩသုံးစွဲမှုများလာသဖြင့်မြေဆီလွှာအရည်အသွေးများကျဆင်းလာနိုင်ပါသည်။ တောင်သူများအနေဖြင့်ဘက်စုံပိုးမွှားနှိမ်နှင်းရေးစနစ်အစားဓာတုပိုးသတ်ဆေးများကိုသာအသုံးပြုမှုများသည်။စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအပိုင်းတွင်လည်းပလတ်စတစ်အိတ်ခွံ၊ဗူးခွံ၊ပုလင်းခွံများကိုစနစ်တကျမစွန့်ပစ်ကြသဖြင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာအသိပညာပေးလုပ်ငန်းများမြင့်တင်ဆောင်ရွက်ပေးသင့်ပါသည်။ အခါအားလျော်စွာကျရောက်တတ်သောမိုးခေါင်ခြင်းကသဘာဝဘေးအန္တရာယ်တစ်ရပ်အနေဖြင့်ရှိနေဆဲဖြစ်ပါသည်။

(c) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှထုတ်ချေးငွေကိုငွေ(၁၀၀)ကျပ်လျင်(၇၀)ပြားနှုန်းအတိုးဖြင့်ချေးငွေကာလ(၆)လ၊(၁)ဧကလျင်(၁၅၀၀၀၀)နှုန်း၊အများဆုံး(၁၀)ဧကအတွက်ချေးယူနိုင်ကြသည်။သမဝါယမအသင်းမှလည်းတောင်သူတစ်ဦးလျင်(၅၀၀၀၀)ကျပ်ကိုအတိုး(၁.၅)ကျပ်နှုန်းဖြင့်(၆)လချေးပေးပြီးစည်းကမ်းတင်းကျပ်မှုများရှိပါသည်။အချို့အိမ်ထောင်စုများ မှာရွာထဲရှိငွေတိုးချေးစားသူများထံမှတစ်နှစ်အတိုးနှုန်း ၃၆% မှ၆၀% ဖြင့်လည်းကောင်းမိတ်ဆွေ ၊ မိသားစုများထံမှတနှစ်အတိုးနှုန်း ၂၀% ဖြင့်လည်းကောင်းစပါးကြိုရောင်းစနစ်ဖြင့်ပေါက်စျေး၏ ၅၀ % ဖြင့်လည်းကောင်းကြိုတင်ချေးယူနိုင်ကြသည်။

ကျေးရွာသားအများစုသည်(ရိက္ခာ၊ကျန်းမာရေး၊ပညာရေး)စသည်တို့အတွက်ချေးယူကြသည်။အထူးသဖြင့်စားနပ်ရိက္ခာအတွက်နှင့်လယ်ယာလုပ်ငန်းများအတွက်ချေးယူကြပြီးကျေးရွာတွင်းချေးငွေလိုအပ်ချက်များရှိနေသေးသည်။ကျေးရွာတွင်းအကြွေးတင်ရှိမှုအနေအထားကိုလေ့လာဆန်းစစ်ချက်အရဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုများတို့သည်(၅၀၀၀၀၀)မှ(၂၀၀၀၀၀၀)ကျပ်ထိတင်ရှိနေကြသည်။ထိုအိမ်ထောင်စုအားလုံးသည်အကြွေးငွေ(၅၀၀၀၀၀)နှင့်အထက်ချေးယူထားကြကြောင်းလေ့လာတွေ့ရှိရပါသည်။

(စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင်မူလတန်းကျောင်းကိုကိုယ်ထူကိုယ်ထစနစ်ဖြင့်အလျား(၁၀၈)ပေ၊အနံ(၂၄)ပေ၊အမြင့်(၁၂)ပေရှိသွပ်မိုးနံကပ်နှင့်အုတ်ခင်းကျောင်းဆောင်တည်ဆောက်ထားရှိပါသည်။ရွာသားများအား လုံးနီးပါးရေးတတ်ဖတ်တတ်ကြပြီးလူဦးရေအားလုံး၏ ၅ % မှာဘုန်းကြီးကျောင်းပညာရေးကိုရရှိ ထားကြသည်။မူလတန်းအောင်လူဦးရေမှာအားလုံး၏ ၄၈% ခန့်ရှိသည်။ယခုနှစ်ကျောင်းအပ်သည့်နှုန်းထားပိုမိုမြင့်မားလာခဲ့သည်။ကျောင်းတွင်ပရိဘောဂလုံလောက်မှုမရှိပါ။မူလတန်းပြဆရာမ(

၃)ဦးသာရှိသည်။ကျောင်းတွင်ဆရာတပည့်အချိုးမှာ ၁/၅၃အချိုးသာရှိသဖြင့်ဆရာမအင်အားလုံလောက်မှုမရှိပါ။လွန်ခဲ့သောကျောင်းဖွင့်ရာသီကမူလတန်းကျောင်းသားများအတွက်စာအုပ်များနှင့်ကျောင်းဝတ် စုံအခမဲ့ပံ့ပိုးပေးခဲ့ပါသည်။

ကျေးရွာတွင်ကျေးလက်ကျန်းမာရေးဆရာမရှိပါသည်။ ဆေးပေးခန်းဆောက်လုပ်နိုင်ခြင်းမရှိသေးပါ။ကျေးရွာနှင့်တစ်မိုင်ခန့်ဝေးသောအုပ်စုကျေးရွာတွင်တိုက်နယ်ဆေးရုံရှိ၍ကျန်းမာရေးဝန်ဆောင်မှုလက်လှမ်းမီသည်။သောက်သုံးရေအတွက်ရေတုံကင်များတပ်ဆင်သုံးစွဲကြပါသည်။ချမ်းသာသောအိမ်ထောင်စုများကအိမ်သာကိုအုတ်ဖြင့်ဆောက်လုပ်သုံးစွဲကြပြီးဆင်းရဲသောအိမ်ထောင်စုများကဝါးပတ်၊သစ်သားငွေများဖြင့်ဆောက်လုပ်သုံးစွဲကြပါသည်။တစ်ရွာလုံးနီးပါးယင်လုံအိမ်မသာဆောက်လုပ်သုံးစွဲကြသဖြင့်ရေကြောင့်ဆက်စပ်ဖြစ်ပွားတတ်သောရောဂါများဖြစ်ပွားမှုနည်းပါးပါသည်။စာသင်ကျောင်းတွင်လည်းအိမ်သာကိုအုတ်ဖြင့်ဆောက်လုပ်ထားပြီးကျောင်းသူကျောင်းသားများအတွက်အသုံးပြုရန်လွယ်ကူပါသည်။

(ဆ)လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် အနေအထားသီးသန့်မရှိပေ။လူငယ်များသည်ကျေးရွာ၏သာရေး၊နာရေးလုပ်ငန်းများတွင်တက်ကြွစွာပါဝင်ဆောင်ရွက်ကြသည်။ဘာသာရေးပွဲတော်များတွင်လည်းရိုးရာအကများဖြင့်တင်ဆက်ပါဝင်ကြသည်။ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်သည့်ဖွံ့ဖြိုးရေးလုပ်ငန်းသီးသန့်ဖော်ဆောင်ထားခြင်းမရှိပေ။

(ဇ) **အခြေခံ အဆောက်အဦး - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

၂၀၁၅ခုနှစ်က(၁၃၀ ×၁၀)ပေရှိကွန်ကရစ်တံတားတစ်စင်းကိုနတလရန်ပုံငွေ(၁၆၀၀) သိန်းဖြင့်လွတ်တော်ကိုယ်စားလှယ်ဦးဖေသောင်းဦးစီးဆောက်လုပ်ပေးခဲ့သော်လည်းဆောက်လုပ်ပြီး(၃)လအကြာမှာပင်ကျိုးအက်ပျက်စီးခဲ့ပါသည်။အသုံးမပြုရသေးမီကျိုးအက်ပျက်စီးခြင်းဖြစ်သော်လည်းပြန်လည်ပြုပြင်ပေးခြင်း၊သက်ဆိုင်ရာများမှတိကျသော စုံစမ်းစစ်ဆေးခြင်းများပြုလုပ်ခြင်းမရှိပါ။ကျေးရွာသည်အင်းတော်ကြီးအနောက်ဘက်ခြမ်းတွင်သီးခြားရှိနေသောရွာဖြစ်၍သက်ဆိုင်ရာများမှသီးသန့်မလာလျင်မရောက်ရှိနိုင်ပေ။ကျေးရွာတွင်းလမ်းမကောင်းခြင်း၊အဓိကအားထားရာဖြစ်သည့်ကျေးရွာချင်းဆက်တံတားပျက်စီးနေသောကြောင့်ကျေးရွာ၏ ထွက်ကုန်များမှာအခြားရွာများထက်ဈေးလျော့ ရောင်းရသောအခြေအနေဖြစ်ပါသည်။ ကျေးရွာချင်းဆက်လမ်းအဆင်ပြေစေရန်နိုင်ငံတော်အစိုးရမှငွေလုံးငွေရင်းအကုန်ကျခံဆောက်လုပ်ပေးထားသော်လည်းဆောက်လုပ်သည့်အဖွဲ့အစည်းမှာစံချိန်စံညွှန်းပြည့်မီအောင်တည်ဆောက်ပေးခြင်းမရှိ၍အသုံးပြုမရသည့်အခြေအနေဖြစ်နေရပါသည်။တံတားဆောက်လုပ်သောအဖွဲ့နှင့်ဦးဖေသောင်းမှသဘာဝဘေးအန္တရာယ်ဖြင့်ပြန်လည်ပြု ပြင်ရန် ကျေးရွာအားတင်ပြခိုင်းသော်လည်းကျေးရွာမှလက်မခံကြပေ။နိုင်ငံတော်ရန်ပုံငွေကိုအလွဲသုံးစားလုပ်သောထို ဆောက်လုပ်ရေးအဖွဲ့ကိုသာတာဝန်ယူဖြေရှင်းခိုင်းရန်ဆန္ဒရှိကြပါသည်။

ရေလမ်းခရီးအသုံးပြုမှုမရှိပါ။လမ်းပမ်းဆက်သွယ်ရေးအတွက်မော်တော်ဆိုင်ကယ်(၁၄၄)စီး၊စက်ဘီး(၃၉)စီး၊ ထော်လာကျီ(၂၃)စီးနှင့် ကား(၆)စီးတို့ကိုအသုံးပြုလျက်ရှိကြပါသည်။

ကျေးရွာတွင်လျပ်စစ်မီးကိုယခုနှစ်မှစတင်၍သွယ်တန်းနေပြီဖြစ်ပါသည်။သို့သော်မီးမရရှိသေးပါ။ကျေးရွာတွင်မိုဘိုင်းဖုန်းဆက်သွယ်ရေးကဏ္ဍသည်စျေးကွက်နှင့်အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက်အသုံးပြုလာကြသည်။အင်တာနက်ကိုအသင့်အတင့်အသုံးပြုလာကြပြီးသတင်းအချက်အလက်များလက်လှမ်းမီကြသည်။

(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင်ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပြီးတည်ငြိမ်အေးချမ်းမှုရှိပါသည်။ ကျေးရွာသည်ရဲစခန်းသို့အလွယ်တကူချိတ်ဆက်နိုင်သော်လည်းရာဇဝတ်မှုဖြစ်ပွားခြင်းကိုအချိန်မီလာရောက်တားဆီးနိုင်ခြင်းမရှိပါ။မတရားလက်နက်ကိုင်အဖွဲ့အစည်းများနှင့်နီးကပ်သောကြောင့်တော်ရုံကိစ္စဖြင့်လာရောက်ခြင်းမရှိကြပါ။မဖြစ်မနေကိစ္စရပ်များမှသာခေတ္တခဏလာကြပါသည်။အချိန်ယူ၍လာခြင်းမရှိသောကြောင့်ကျေးရွာ၏အုပ်ချုပ်မှုအပိုင်းမှာအခက်အခဲများစွာရှိပါသည်။မူးယစ်ဆေးဝါးရောင်းချသူများသည်ငှင်းအခွင့်အရေးကိုအကြောင်းပြု၍မိမိအိမ်တွင်းမှာပင်ပေါ်တင်ရောင်းချနေကြပါသည်။အုပ်ချုပ်ရေးမှူးများမှာလည်းသူတပါးအိမ်တွင်းသို့ဝရမ်းမပါပဲဝင်ရောက်ရှာဖွေခြင်းမပြုရဲကြပါ။ကျေးရွာ၏လုံခြုံရေးသည်ကိုယ့်အားကိုယ်ကိုး၍သာသတိနှင့်နေထိုင်နေကြရပါသည်။အုပ်ချုပ်ရေးမှူးမှာလည်းဟိုဘက်ကြောက်ရဒီဘက်ကြောက်ရနှင့်အခက်အခဲများစွာကြုံတွေ့ရပါသည်။အုပ်ချုပ်ရေးလက်လမ်းမီမှုအားနည်းသောကြောင့်အချို့ကျေးရွာလူထုမှာလည်းအုပ်ချုပ်ရေးမှူးများကိုအရေးစိုက်ခြင်းမရှိကြပေ။

၅။ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ကျေးရွာတွင် လျပ်စစ်မီးကိုမဟာဓာတ်အားလိုင်းမှစတင်ချိတ်ဆက်နေပြီဖြစ်ပါသည်။ မီးလင်းပါကကျောင်းသားကျောင်းသူများအတွက်စာဖတ်ရာတွင်အထောက်အပံ့ဖြစ်စေခြင်း၊ကျေးရွာသူ/သားများအတွက်လူနေမှုအဆင့်အတန်းမြင့်မားလာခြင်းတို့အတွက်အထောက်အပံ့ဖြစ်စေမည်ဖြစ်ပါသည်။ကျေးရွာရှိလူဦးရေအားလုံး၏ ၆၂% မှာအလုပ်လုပ်နိုင်သောအရွယ်များဖြစ်သည်။အသက်မွေးဝမ်းကျောင်းသင်တန်းများကိုလေ့ကျင့်သင်ကြားပေးခြင်းဖြင့်လူသားအရင်းအမြစ်များကိုတိုးတက်ကောင်းမွန်စေမည်ဖြစ်ပါသည်။ကျေးရွာလူထု၏ကျန်းမာရေးအခြေအနေမှာယေဘူယျအားဖြင့်ကောင်းမွန်ပြီးတိုက်နယ်ဆေးရုံနှင့်အလွယ်တကူလက်လှမ်းမီနိုင်ကြသည်။ကျေးရွာသားများအနေဖြင့်စိုးရိမ်ရသောကုသမှုများအတွက်မိုင် ၅၀ ခန့်ကွာဝေးသောမိုးညှင်းမြို့နယ်ဆေးရုံသို့သွားရောက်ကုသနိုင်ကြသည်။ကျေးရွာတွင်စာသင်ကျောင်းနှင့်ကျောင်းသား/သူများအတွက်ပံ့ပိုးရေးပစ္စည်းများအနေဖြင့်လိုအပ်ချက်များစွာရှိကြသည်။

သဘာဝအရင်းအမြစ်များအနေဖြင့်လယ်ယာမြေများသည်မြေပြန့်ဖြစ်ပြီးမြေဆီဩဇာအသင့်အတင့်ကောင်းမွန်ပါသည်။ကျေးရွာသည်မိုးညှင်းမြို့နှင့်မိုင်၅၀ကျော်ကွာဝေးပြီးလမ်းပမ်းဆက်သွယ်ရေးခက်ခဲပါသည်။ကျေးရွာတွင်မွေးမြူရေးလုပ်ငန်းအတွက်ကြက်ဝက်နွားတို့ကိုတိုးချဲ့မွေးမြူနိုင်သည်။မွေး/ကုဋီးစီးဌာနမှလိုအပ်သောနည်းပညာပံ့ပိုးပေးရန်လိုအပ်ပါသည်။

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာရှိလယ်မြေများမှာမြေဆီလွှာအသင့်အတင့်ကောင်းမွန်ပြီးလယ်ယာမြေများထပ်မံတိုးချဲ့ရန်ရှိသော်လည်းလမ်းပမ်းဆက်သွယ်ရေးခက်ခဲခြင်း၊ ကုန်ထုတ်လမ်းအခက်အခဲများကြောင့်နှောင့်နှေးမှုများရှိနေပါသည်။ကျေးရွာ၏စပါးအထွက်နှုန်းတိုးမြင့်လာစေရန်နည်းပညာနှင့်လယ်ယာသုံးစက်ကရိယာများအရစ်ကျရောင်းပေးခြင်း၊ချေးငွေများကျေးရွာအရောက်ဝန်ဆောင်ပေးမှုမရှိသဖြင့်ငွေချေးရန်လိုအပ်သောစာရွက်စာတမ်းများဖြည့်စွက်ရာတွင်အခက်အခဲများရှိနေပါသည်။ကျေးရွာတွင်အိမ်တွင်းထုတ်ကုန်လုပ်ငန်းမရှိသဖြင့်အလုပ်အကိုင်နှင့်ဝင်ငွေပုံမှန်ရရှိရေးအတွက်အကန့်အသတ်ရှိနေပါသည်။ မွေးမြူရေးအားကောင်းသော်လည်းအစာဈေးကြီးခြင်း၊ထုတ်ကုန်ရောင်းချနိုင်ရန်နှောင့်နှေးခြင်း၊အရင်းအနှီးမရှိခြင်း၊လမ်းပမ်းဆက်သွယ်ရေးခက်ခဲခြင်းများကြောင့်တိုင်တနိုင်မွေးမြူရေးလုပ်ငန်းများအတွက်အခက်အခဲများရှိနေပါသည်။ကျေးရွာ၏အဓိကထွက်ကုန်မှာစပါးဖြစ်ပြီးစပါးသယ်ပို့ရန်ကုန်ထုတ်လမ်းရှိသော်လည်းသွားလာ၍မရသဖြင့်နောက်ကျခြင်း၊ဈေးနှိမ်၍ဝယ်ခြင်းများနှင့်ကြုံတွေ့နေရပါသည်။

၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့်ငါးနှစ်တာကာလ အတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်-

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် လမ်းပမ်းဆက်သွယ်မှုကောင်းမွန်ခြင်း၊ဆေးရုံ၊အဆောက်အဦ(သို့)ဆေးပေးခန်းတည်ဆောက်ခြင်းစသည့်ယာဉ်အန္တရာယ်နှင့် ကျန်းမာရေးအခြေအနေတိုးတက်ကောင်းမွန်လာစေရမည်။

က.၂)**အကောင်အထည်ဖော်နည်းဗျူဟာ**.၂)ကျွန်ုပ်တို့ကျေးရွာလူထုသည်မူးယစ်ကင်းစင်ကျန်းမာရေးကောင်း၍စာပေပညာမှတစ်ဆင့်ထူးချွန်ထက်မြက်သောကလေးသူငယ်များ၏ လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကိုကျယ်ဝန်းလာစေရမည်။

က.၃) ကျွန်ုပ်တို့ ရွာလူထုသည် ကုန်ထုတ်လုပ်မှုမြင့်တင်ခြင်း၊အလုပ်အကိုင်ဖန်တီးခြင်း၊သက်မွေးပညာသင်တန်းများရရှိခြင်းမှတစ်ဆင့်ဝင်ငွေရှာဖွေနိုင်စွမ်းနှင့်စီးပွားရေးအနေအထားကိုတိုးတက်လာစေရမည်။

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကိုဆောင်ရွက်သွားကြမည်-

ခ-၁) ကျေးရွာတွင်ရင်းနှီးငွေ နည်းပညာနှင့်နည်းပညာအသုံးချနိုင်စွမ်း ရရှိရေးတို့ကို ဆောင်ရွက်ပြီးစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်.။ အသေးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက်မြို့နယ်ရှိဘဏ်များ ၊ရင်းနှီးငွေရနိုင်ရန်အခြားနေရာများနှင့်ချိတ်ဆက်ပေးမည်။ ရင်းနှီးငွေများရရှိပါက စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။ အလားတူပင်ကျေးရွာတွင်စိုက်ပျိုးရေး၊မွေးမြူရေးနည်းပညာများထွန်းကားလာရေးအတွက်စိုက်ပျိုးရေး မွေးမြူရေးနည်းပညာသင်တန်းများတက်ရောက်နိုင်ရေးအတွက်နည်းပညာဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်သွားမည်။သင်တန်းတက်ထားသူများမှ တဆင့်ကျေးရွာတွင် ရရှိထားသည့်နည်းပညာများကိုမျှဝေပေးပြီးမိမိကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများအတွက်အသုံးချပြီးထုတ်လုပ်မှုတိုးတက်စေရမည်။

ခ-၂) ကျွန်ုပ်တို့သည်အပ်ချုပ် ၊ဇာထိုး၊ပန်းထိုး ၊ယိုနှင့်မုန့်လုပ်နည်း၊ ဆံပင်ညပ်၊စက်ပြင်၊ မော်တော်ဆိုင်ကယ်ပြင်နှင့်မိုဘိုင်းဖုန်းပြင်စသောသင်တန်းများတက်ရောက်နိုင်ရန် သင့်တော်သောသင်တန်းများတက်ရောက်နိုင်ရန်စီစဉ်ပေးမည်။ထိုသင်တန်းများသည်ကျေးရွာလူငယ်များအတွက် ကျွမ်းကျင်မှုတိုးပွားရရှိစေပြီး ဝင်ငွေရလုပ်ငန်းများထူထောင်တိုးချဲ့နိုင်ရန် အရင်းနှီးအစီစဉ်များချိတ်ဆက်ပေးမည်။

ခ-၃) ကျေးရွာတွင် စာသင်ကျောင်းခြံစည်းရိုးကာရံပြီး မူကြိုကျောင်းတစ်ဆောင်ဆောက်လုပ်ခြင်းဖြင့် ကလေးငယ်များ၏အရည်အချင်းတိုးတက်မြင့်မားလာစေရေးအတွက်ဆောင်ရွက်မည်။ ပညာရေးဌာနနှင့်ချိတ်ဆက်ပြီးဘာသာရပ်အလိုက်ကျွမ်းကျင်သောမူလတန်းဆရာမများခန့်ထားနိုင်ရေးတို့အတွက်ဆောင်ရွက်သွားမည်။

ခ.၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့် တံတားများ စသော အခြေခံ အဆောက်အဦးများတိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ တစ်ချိန်တည်းတွင် ကျေးရွာ အဆောက်အအုံများကို အသုံးပြု စီမံခန့်ခွဲထိန်းသိမ်းရေးအတွက် စီမံခန့်ခွဲနိုင်စွမ်းကိုလည်း တိုးတက်အောင်ဆောင်ရွက်ကြမည်။ ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြု လုပ်ငန်းများတွင် အကောင်အထည်ဖော် စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှု စွမ်းရည်များ ပိုမို ရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်မည်။

၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာန ဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

(ခ) စိုက်ပျိုးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး

ကျေးရွာတွင် မိုးစပါးအပြင် မုန့်ညှင်းကိုသီးထပ်အဖြစ်စိုက်ပျိုးကြသည်။ တောင်သူများအတွက်သီးနှံဖျက်ပိုးကျရောက်ခြင်းနှင့်မျိုးမသန့်ခြင်းသည်အဓိကပြဿနာဖြစ်ပြီးဖျက်ပိုးထိရောက်စွာနှိမ်နှင်းရေးနှင့်မျိုးကောင်းမျိုးသန့်ရရှိရန်လိုအပ်ပါသည်။သီးနှံဖျက်ပိုးများသည်ပိုးသတ်ဆေးအချို့ကိုခံနိုင်ရည်ရှိကြပြီးတောင်သူများအတွက်သီးနှံထွက်နှုန်းလျော့ပြီးဝင်ငွေလျော့နည်းစေပါသည်။နည်းပညာအသုံးပြုပုံများနှင့်ပိုးမွှားနှိမ်နှင်းရေးတို့အတွက်စိုက်ပျိုးရေးဦးစီးဌာနကဦးစီးဦးရွက်ပြုသင့်ပါသည်။

(ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သော ချေးငွေရရှိရန် စနစ်များ ပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့်လယ်သမားနှင့်အသေးစားလုပ်ငန်းရှင်များသည်စိုက်ပျိုးစရိတ်နှင့်အသေးစားစီးပွားရေးလုပ်ငန်းများအတွက်လုံလောက်သည့်ချေးငွေလိုအပ်ပါသည်။ကျေးရွာတွင်သမဝါယမအသင်းဖွဲ့စည်းထားပြီးချေးငွေလိုအပ်သူများအတွက်ချေးငွေရရှိရန်စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

(ဃ) ကျေးလက်အသေးစား စက်မှုလက်မှု လုပ်ငန်းများ ဆိုင်ရာ အထောက်အပံ့

ကျေးရွာတွင် အသေးစား စက်မှုလက်မှု လုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့်အမြတ်အစွန်းများရရှိရန်အထူးသဖြင့်လူငယ်နှင့်မျိုးသမီးများအတွက်အခွင့်အလမ်းရှိပါသည်။ သို့သော်၎င်းတို့တွင်လုပ်ငန်းဆိုင်ရာစီမံအုပ်ချုပ်မှုနည်းပညာသတင်းအချက်အလက်များအားနည်းပါသည်။ ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုးကွဲပြားနေသော လုပ်ငန်းများ (ကုန်ထုတ်ခြင်း၊ လက်မှုလုပ်ငန်း) အတွက် လုပ်ငန်းစီမံခန့်ခွဲရေး ထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းတွင် ထည့်သွင်းရေးဆွဲရန် ခက်ခဲပါသည်။ ကျွန်တော်တို့ ကျေးရွာမှ အသေးစားလုပ်ငန်းများ အတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များ ယခုအခါအဆင်သင့် မတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရ အနေဖြင့်လည်း စီးပွားရေး လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့တစ်ခု ထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေးအောက်တွင် ထားရှိကာ တစ်နှစ်ပတ်လုံး ဝန်ဆောင်မှု ရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင် တစ်ချို့နှင့် တိုးချဲ့ပညာပေး ဝန်ထမ်းအချို့ပါဝင်မည်ဖြစ်ပြီး မြို့နယ်ဒေသမှသည် ကျေးရွာအထိလိုအပ်သော စီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲရေး အထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက်လိုအပ်သော ရန်ပုံငွေလည်း ရှိရပါမည်။

(င) ကျေးလက်စျေးဆောက်လုပ်ရေး

ကျေးရွာတွင် စျေးဆောက်လုပ်ထားခြင်းမရှိသေးပါ။မြို့နယ်အာဏာပိုင်အဖွဲ့အစည်းများက ရေ၊သန့်ရှင်းရေးစနစ်၊လမ်းတို့စနစ်တကျပါဝင်သည့်စျေးအဆောက်အဦတစ်ခုတည်ဆောက်ပေးရန်ပါဝင်ဆောင်ရွက်သင့်ပါသည်။အိုင်လေးတူကျေးရွာအပြင်အနီးပတ်ဝန်းကျင်မှကျေးရွာများအတွက်လည်းအကျိုးခံစားခွင့်ရရှိမည်ဖြစ်ပါသည်။

၈။စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့် ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများ အဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာ အကောင်အထည်ဖော်မှု ဆိုင်ရာတွင် အဓိက သော့ချက်များဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုက ငါးနှစ်တာ စီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့် ကာလက ဖော်ထုတ်ဦးစားပေးတန်းစီခဲ့ကြသည်။ စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်ကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း ငါးနှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။

သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာ စီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့် အများဆိုသလိုပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင် ပါသည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်၏ ဗျူဟာမြောက်မူဘောင် အတွင်း နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာ အချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း(Functional Classification)ဖြင့် ဝန်ကြီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအတွက်ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်းသည် စီမံချက်များကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်း အသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်း ဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းများကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း၊ ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းတာဝန်များ အလိုက် ဖော်ထုတ်ထားသော ကဏ္ဍ အပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

(ဂ) ဦးစားပေးစီမံချက်များ

ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာ အမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေး အစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာ အဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ

ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

ဦးစားပေးစီမံချက်များ

ကဏ္ဍ/ကဏ္ဍခွဲ	စီမံချက်	ရမှတ်ပေါင်း	ဦးစားပေးအဆင့်	ဖော်ပြချက်	မှတ်ချက်
အုပ်ချုပ်ရေးကဏ္ဍ					
၁။အုပ်ချုပ်ရေးတိုးတက်မှု	၁။အဖွဲ့အစည်းတိုးတက်မှုဆိုင်ရာစွမ်းရည်မြင့်တင်ပေးရေး			.ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်ချိတ်ဆက် ဆောင်ရွက်ခြင်း .ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဖွဲ့စည်းခြင်း	ကျေးလက် ဦးစီး
၂။ပုံစံ(၆၆)နှင့် မှတ်ပုံတင်လျင်မြန်လွယ်ကူစွာရရှိ ရေး	၂။ကျေးရွာနေမိသားစုပြည်သူများဖွံ့ဖြိုးတိုးတက်ရေး	၅၂	၈	.အလုပ်အမှုဆောင်ကော်မတီဖွဲ့စည်းခြင်း .ခေါင်းဆောင်မှုနှင့်ငွေကြေးစီမံခန့်ခွဲမှုသင်တန်းများ ဆောင် ရွက်ခြင်း .အဖွဲ့အစည်းဆိုင်ရာအုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေးသင်တန်း များစီစဉ်ခြင်း	
စိုက်ပျိုးရေးကဏ္ဍ					
၁။မျိုးကောင်းမျိုးသန့်ရရှိရေးနည်းပညာသင်တန်း	၃။စိုက်ပျိုးရေးဆိုင်ရာနည်းပညာများတိုးတက်ရေး	၅၉	၆	.စိုက်ပျိုးရေးသွင်းအားစုများနှင့်ဆက်သွယ်ချိတ်ဆက်မှုရရှိရန် .မျိုးကောင်းမျိုးသန့်များရရှိရန်	
၂။ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း	၄။ထွက်ကုန်သီးနှံများစွေးကွက်သို့အချိန်မီရောက်ရှိနိုင်စေရန်	၆၇	၄	.စွေးကွက်ဆန်းစစ်ခြင်းနှင့်တန်ဖိုးမြင့်စွေးကွက်သို့တက်လှမ်း ရန် .ကုန်ထုတ်လမ်းကောင်းမွန်၍တစ်သီးစားမှနှစ်သီးစားသို့တိုး ချဲ့စိုက်ပျိုးနိုင်ရန်	

မွေးမြူရေးနှင့်ရေလုပ်ငန်း					
၁။ဈေးကွက်နှင့်နည်းပညာသင်တန်း	၅။မွေးမြူရေးလုပ်ငန်းနှင့်နည်းပညာများတိုးတက်ရေး	၅၇	၇	.ဈေးကွက်သဘောတရားနားလည်မှုစွမ်းရည်မြင့်မားရေး .ကုန်ချောထုတ်လုပ်ရေးလုပ်ငန်းစဉ်အဆင့်ဆင့်နားလည်ရေးနှင့်စွမ်းရည်မြင့်မားစေရန် .ရေလုပ်ငန်းများတစ်ဦးတည်းလေ့လံပေးခြင်းပပျောက်ရန်	-
ကျန်းမာရေးတိုးတက်လာစေရေး					
၁။ကျန်းမာရေးတိုးတက်လာစေ ရန်	၆။ကျေးရွာ၏ကျန်းမာရေးကဏ္ဍတိုး တက်လာစေရန်	၇၅	၃	.ကျေးလက်ကျန်းမာရေးဆေးပေးခန်းနှင့်ကျန်းမာရေးဝန်ထမ်းရရှိစေရန် .ယင်လုံအိမ်သာများဆောက်လုပ်သုံးစွဲကြရန် .ကျန်းမာရေးအသိပညာပေးဟောပြောပွဲများပြုလုပ်ပေးရန်	
ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ					
၁။ချေးငွေလက်လှမ်းမီစေရေး	၇။သင့်တင့်သောအတိုးနှုန်းဖြင့်ကာလရှည်ချေးငွေပေးနိုင်မည့်အဖွဲ့အစည်းများနှင့်ချိတ်ဆက်ရေး	၆၃	၅	အတိုးနှုန်းသက်သာပြီးကာလရှည်ချေးငွေထုတ်ချေးပေးနိုင်မည့်အဖွဲ့များနှင့်ချိတ်ဆက်ပေးခြင်း	
ပညာရေး				.ကျောင်းသားဦးရေများပြားလာသဖြင့်ကျောင်းဆောင်သစ်ဆောက်လုပ်နိုင်ရေး	-
၁။ကျောင်းဆောင်နှင့်က	၈။ကျေးရွာ၏စာတတ်မြောက်မှုတိုး တက်စေရေး	၈၃	၂	.ယင်လုံအိမ်သာများတိုးချဲ့ဆောက်လုပ်ပေးခြင်း	

လေးပညာရေး ဖွံ့ဖြိုးရေး				.ဆရာမများနေအိမ်ဆောက်လုပ်ပေးခြင်း .ဆရာများလုံလောက်စွာရရှိရေးသက်ဆိုင်ရာသို့တင်ပြခြင်း .မူလွန်ကျောင်းရရှိရေးတင်ပြတောင်းခံခြင်း .မူကြိုကျောင်းနှင့်ကလေးကစားကွင်းဆောက်လုပ်ပေးခြင်း
လူငယ်/ယဉ်ကျေးမှုနှင့်အားကစား				
ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး				
၁။သောက်သုံးရေလုံလောက်စွာရရှိရေး	၉။ကျေးရွာ၏သောက်သုံးရေကိစ္စအဆင်ပြေစေရေး	၁၀၀	၁	.၄ လက်မစက်ရေတွင်းတူးဖော်ခြင်း .ပဂ္ဂလိကအလှူရှင်များရှာ၍ကျေးလက်ဦးစီးဌာနနှင့်ဆက်သွယ်ခြင်း
၂။လမ်းပမ်းဆက်သွယ်ရေးကောင်းမွန်ရေး	၂။ပို့ဆောင်ရေးအခြေခံအဆောက်အဦများဖွံ့ဖြိုးတိုးတက်လာစေရေး			.အိုင်လေးတူ-လွဲပေါ်-မန်ကင်းလမ်းဆုံထိကွန်ကရစ်လမ်းခင်းခြင်း

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့်ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

စီမံချက်	အဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁။သောက်သုံးရေအဆင်ပြေစေရန်စက်ရေတွင်းတူးဖော်ခြင်း	၁	—	—	—	—	—
၂။ကလေးငယ်များ၏ပညာရေးဖွံ့ဖြိုးတိုးတက်ရေး	၂	—	—			
၃။ကျေးရွာ၏ကျန်းမာရေးတိုးတက်လာစေရန်	၃	___	___			
၄။ကုန်ထုတ်လမ်းဖောက်လုပ်ပေးရန်	၄	___	___	___	___	___
၅။သင့်တင့်သောနှုန်းဖြင့်ကာလရှည်ချေးငွေရရှိရန်	၅	———	___	___	___	___
၆။မျိုးကောင်းမျိုးသန့်များရရှိရန်	၆		---	___		
၇။မွေးမြူရေးနှင့်ပါတ်သက်သည့်နည်းပညာသင်တန်းများရရှိရန်	၇	———	———	———	———	
၈။အဖွဲ့အစည်းတိုးတက်မှုဆိုင်ရာစွမ်းရည်မြင့်တင်ပေးရေး	၈	———	———	———	—	—

၉။ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ(indicative)အဖြစ် ကိုးကားရန်သာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မီတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းရှင်များထံမှ ဘတ်ဂျတ် အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

စီမံချက်ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ (သိန်း)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်		လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု
				ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	
၁	စက်ရေတွင်းတူးဖော်ခြင်း			√		
၂	ကလေးငယ်များပညာရည်မြင့်မားရေး				√	
၃	ကျေးရွာ၏ကျန်းမာရေးတိုးတက်လာစေရန်				√	
၄	ကုန်ထုတ်လမ်းဖောက်လုပ်ပေးရန်			√		
၅	ကာလရှည်ချေးငွေရရှိရန်			√		
၆	မျိုးကောင်းမျိုးသန့်ရရှိရန်			√		
၇	မွေးမြူရေးနှင့်ပါတ်သက်သည့်နည်းပညာသင်တန်းများရရှိရန်				√	
၈	အဖွဲ့အစည်းတိုးတက်မှုဆိုင်ရာစွမ်းရည်မြင့်တင်ပေးရေး				√	

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

(၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက်ဆုံးအကောင်အထည် ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့်

စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

(၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများအကောင် အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်းအခြား သော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင် ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက် အကူပြုလမ်းအဆင့်မြှင့်တင်ရန်**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**၊ မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

(၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့ အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်-

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီကတာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။

ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

၁၀.၄ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သောစည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေး အတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများတည်ဆောက်ပါမည်။

(၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်း; ဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကိုစနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့်

ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီး တို့က မိမိတို့ တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များ ပေါ်မူတည်၍ တိုးတက်မှုကိုတိုင်းတာသည့် အညွှန်းကိန်း (indicator)ကိုတည်ဆောက်ရ ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report)ကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက် ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကိုကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ် စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်-

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု(Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှု ယင်းအခြေခံ

သတင်း အချက်အလက်များပေါ်မူတည်၍ တိုးတက်မှုကိုတိုင်းတာသည့်အညွှန်းကိန်း(indictor)ကို တည်ဆောက် ပါမည်။

(၁၁-၂) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်တို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	စုစုပေါင်း၏%
၁ နှစ်အောက်	နို့စို့အရွယ်	၁၃	၁၁	၂၄	၂
၁ နှစ်မှ ၅နှစ်အောက်	၅နှစ်အောက်ကလေးငယ်	၄၁	၄၄	၈၅	၇
၅ နှစ်မှ ၉နှစ်အထိ	မူလတန်းကျောင်းသားအရွယ်	၅၅	၅၂	၁၀၇	၉
၉ နှစ်အထက်မှ ၁၄နှစ် အထိ	အလယ်တန်းကျောင်းသား အရွယ်	၉၄	၈၀	၁၇၄	၁၅
၁၄ နှစ်အထက်မှ ၆၀နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၃၆၃	၃၆၇	၇၃၀	၆၂
၆၀ နှစ်နှင့် အထက်	သက်ကြီးရွယ်ကြီး	၂၁	၃၆	၅၇	၅
စုစုပေါင်း လူဦးရေ		**၅၈၇**	**၅၉၀**	**၁၁၇၇**	**၁၀၀**
စုစုပေါင်း အိမ်ထောင်စု- ၁၉၈		**တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၆ %**			

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။

ကျေးရွာတွင်အိမ်ထောင်စုပေါင်း၁၉၈အိမ်ရှိသည်။လူဦးရေစုစုပေါင်း၁၁၇၇ဦးရှိ သည့်အနက်အလုပ်လုပ်ကိုင်နိုင်သောလူဦးရေမှာ၇၃၀ဦးရှိသည်။ ရာခိုင်နှုန်းအားဖြင့်တွက်လျင်၆၂%အထိ ရှိနေသည်ကိုတွေ့ရသည်။ တချို့အိမ်ထောင်စုများမှာတစ်အိမ်ထဲတွင်မိသားစု(၂)စု၊(၃)စု ရှိသော်လည်းစုပေါင်း စာရင်းပေးကြပါသည်။ ထို့ကြောင့်လက်ရှိလူဦးရေကောက်ယူမှုစာရင်းတွင်ကွဲလွဲချက်အချို့ရှိနိုင်ပါသည်။ အချို့အိမ်ထောင်စုများတွင် သက်ကြီးရွယ်အိုအမျိုးသမီးများကိုသာအိမ်ထောင်ဦးစီးအဖြစ်ထည့်သွင်းစာရင်းပေးကြပါသည်။ ထို့ကြောင့်မုဆိုးမဦးဆောင်သောအိမ်ထောင်စုနှင့်မုဆိုးဖိုဦးဆောင်သောအိမ်ထောင်စုစာရင်း များတွင်ကွဲလွဲချက်အချို့ရှိနေပါသည်။

(၁.၂) အလုပ်လုပ်နိုင်သူ အင်အား

(၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင် သူဦးရေ	မှတ်ချက်
		အိမ်ထောင်စု	%	မိသားစု ဝင်လုပ်အား		
၁	**စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)**					
	ကိုယ်ပိုင် လုပ်ငန်း	၄၈	၂၄.၂	၁၅၁	-	
	အလုပ်သမား၊ကျပန်း၊ရာသီအလိုက်အလုပ်သမား	၅၀	၂၅.၃	-	-	
၂	**တိရစ္ဆာန် မွေးမြူရေး**					
	ကိုယ်ပိုင် လုပ်ငန်း	၈၆	၄၃.၄			
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-				
၃	**ငါးဖမ်း လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			-	
၄	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား				-	
၅	**ထုတ်ကုန်လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း		-	-		-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-		-	-	
၆	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-		-	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-		-	-	
၇	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း	၁	၀.၅	၁	၁	-
	အလုပ်သမား၊ ကျပန်း၊	-			-	

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင် သူဦးရေ	မှတ်ချက်
		အိမ် ထောင်စု	%	မိသားစု ဝင်လုပ် အား		
	ရာသီအလိုက် အလုပ်သမား					
၈	**ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း	၁	၀.၅		-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			၁	
၉	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			-	
၁၀	**လက်လီ-လက်ကား ရောင်းဝယ်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း	၄	၂	၄	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၁	၀.၆		-	
၁၁	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း	-			-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			-	
၁၂	**ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း	၂	၁	၂	၂	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	
၁၃	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**					
	ကိုယ်ပိုင် လုပ်ငန်း	-			-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			-	
၁၄	**အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း	-			-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			-	

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင် သူဦးရေ	မှတ်ချက်
		အိမ် ထောင်စု	%	မိသားစု ဝင်လုပ် အား		
၁၅	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**					
	ကိုယ်ပိုင် လုပ်ငန်း	-		-	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၂	၁	၂	-	-
၁၆	**ပညာရေး**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၃	၁.၅	၃	-	
၁၇	**ကျန်းမာရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-			-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			-	
၁၈	**လူမှုရေး လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း	-			-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			-	
၁၉	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား		-			
၂၀	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies, etc.,)**					
	ကိုယ်ပိုင် လုပ်ငန်း	-			-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			-	
	စုစုပေါင်း	**၁၉၈**	**၁၀၀**			

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။ အိမ်ထောင်စုဇယားကောက်ယူမှုတွင်ဝင်ငွေရလုပ်ငန်းအမျိုးအစားကျပန်းအလုပ်သမားမေးမြန်းရာတွင်ခက်ခဲမှုများရှိနေပါသည်။အကြောင်းရင်းမှာကျေးရွာတွင်အခြားအလုပ်အကိုင်ရှားပါး၍ကျပန်းအလုပ်ဟုရာသီချိန်စပါးစိုက်ပျိုးခြင်းနှင့်ရိတ်သိမ်းခြင်းအလုပ်ကိုသာပြောနိုင်ကြပါသည်။

ကိုယ်ပိုင်လုပ်ငန်းများမှာလည်းစပါးစိုက်ပျိုးခြင်းသာဖြစ်ကြသည်။ကိုယ်ပိုင်တပိုင်တနိုင်မွေးမြူရေးလုပ်ငန်းတွင်ဝက်ကိုသာအများဆုံးမွေးမြူကြပြီးမိသားစုဝင်လုပ်အားကိုမပြောပြနိုင်ကြပေ။လယ်ယာမဲ့အိမ်ထောင်စုဦးရေ(၅၀)ရှိသော်လည်းထိုအိမ်ထောင်စုများမှာစိုက်ပျိုးရိတ်သိမ်းချိန်များတွင်သာအလုပ်ရှိကြ၍ကျန်အချိန်များတွင်အလုပ်လက်မဲ့ဖြစ်နေကြသည်။စားဝတ်နေရေးအတွက်ရွှေထွက်သည့်နေရာအချို့ရှိသော်လည်းမတရားလက်နက်ကိုင်အဖွဲ့အစည်း(KIA)နှင့်ထိစပ်နေသောကြောင့်လုပ်ကိုင်၍မရကြပေ။ထို့ကြောင့်ကျပန်းလုပ်သားများအတွက်စားဝတ်နေရေးကိုခက်ခဲစွာဖြေရှင်းနေကြရသည်။ကျပန်းမိသားစုဝင်လုပ်အားမှာရာသီချိန်တွင်သာလုပ်ရသည့်အတွက်လူတိုင်းစေ့နီးပါးအလုပ်လုပ်ကြရသည်ကိုလေ့လာတွေ့ရှိရပါသည်။

(၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)		မှတ်ချက်
			ကျား	မ	ကျား	မ	
၁	လယ်ယာလုပ်ငန်း	နေ့စား	၅၀၀၀	၄၀၀၀	၄၀၀၀	၃၀၀၀	
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-	
၃	ငါးလုပ်ငန်း - ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း	နေ့စား	-	-	-	-	
၄	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	-	-	-	-	
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၅၀၀၀	၄၀၀၀	၄၀၀၀	၃၀၀၀	
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၅၀၀၀	၄၀၀၀	၄၀၀၀	၃၀၀၀	
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	၅၀၀၀	၄၀၀၀	၄၀၀၀	၃၀၀၀	
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-	
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊	နေ့စား	-	-	-	-	

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)		မှတ်ချက်
			ကျား	မ	ကျား	မ	
	အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)						
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	-	-	-	-	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက်

(၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**လစာ** ÷ ၂၂.၇၅)

(၂) **နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ** × ၈)

လေ့လာတွေ့ရှိချက်။ လယ်ယာလုပ်ငန်းတွင်လက်လုပ်လက်စားအဖြစ်လုပ်ကိုင်ကြသောအိမ်ထောင်စုအားဖြင့်ကျားမအလိုက်မခွဲခြားပဲရသင့်ငွေမှာတူညီကြသော်လည်းအချို့အချိန်နေရာဒေသနှင့်လုပ်ငန်းအမျိုးအစားပေါ်တွင်မူတည်ပြီးကွာခြားလေ့ရှိသည်။ ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သောမိသားစုသည် တစ်နေ့နှင့်တစ်နေ့ရသောဝင်ငွေသည်မတူညီပေ။ လယ်ယာစပါးစိုက်ပျိုးချိန်နှင့်ရိတ်သိမ်းချိန်များတွင် သာနေ့စားအလုပ်ရှိကြ၍ကျန်အချိန်များတွင်အလုပ်လက်မဲ့ဖြစ်နေကြသည်။တခါတရံအိမ်ဆောက်၊တံတားဆောက်လုပ်ငန်းများလုပ်ကိုင်ရတတ်ပါသည်။အလုပ်အကိုင်ရှားပါးပြီးစိုက်ပျိုးရေးလုပ်ငန်းတမျိုးတည်းကိုသာလုပ်ကိုင်နေကြရပါသည်။

(၁.၃) သဘာဝ ရင်းမြစ်များ

(၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) **ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး ကောင်း/သင့်/ညံ့	ဆည်ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း)	ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက)
လယ်မြေ	၂၄၂၅	သင့်	မရ	မရှိ
ယာမြေ /တောင်ယာ	၁၇၀	သင့်	မရ	မရှိ
ဥယျာဉ်ခြံမြေ	၂၈	သင့်	မရ	မရှိ
အိမ်ခြံဝင်း စိုက်ခင်း	၁	သင့်		
နှစ်ရှည်သီးနှံစိုက်ခင်း	၂၆	သင့်	မရ	မရှိ
ရွှေပြောင်းတောင်ယာမြေ				

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး ကောင်း/သင့်/ညံ့	ဆည်ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း)	ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက)
ကိုင်း/ကျွန်းမြေ				
စားကျက်မြေ	-			
ပလပ်မြေ	-			
အခြား	-			
စုစုပေါင်း	၂၇၁၆			

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

မှတ်ချက်။ ။ရေရှိသည့် နေရာအမျိုးအစား-ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်စားကျက်မြေများရှိသော်လည်းတရားဝင်သတ်မှတ်ထားခြင်းမရှိသည့်အတွက်ယခုအချိန်တွင်စားကျက်မြေရှားပါးလာပါသည်။ဥ ယာဉ်ခြံမြေစိုက်ပျိုးရေးမှာအသင့်အတင့်အောင်မြင်သော်လည်းဝယ်ယူမည့်ကုန်စည်ဒိုင်မရှိသည့်အတွက်ပြုပြင်မှုနည်းပါးပြီးပျက်စီးလာပါသည်။ အချို့နေရာတွင်ဖုန်းဆိုးတောများအဖြစ်တည်ရှိနေပါသည်။ကျေးရွာပိုင်သတ်မှတ်ထားသောဧရိယာအများအပြားရှိသော်လည်းကျေးရွာနှင့်နီးသောမြေနေရာမှရေနစ်ကွင်းအဖြစ်တည်ရှိ၍ကျေးရွာနှင့်(၄)မိုင်ခန့်အကွာတွင်စိုက်ပျိုး၍ရနိုင်သောဧရိယာအများအပြားတည်ရှိနေပါသော်လည်း KIA နှင့်အဆင်ပြေသောတောင်သူတချို့သာလုပ်ကိုင်နိုင်ကြသည်။ဧရိယာထက်ပို၍တစ်ဦးပိုင်အများအပြားရယူထားပါသည်။ အခြားသူများသွားရောက်လုပ်ကိုင်ချင်သော်လည်းလက်ရှိလုပ်ကိုင်နေသောတောင်သူများမှ(KIA)နှင့် ပူးပေါင်း၍ခြိမ်းခြောက်သဖြင့်သွားရောက်မလုပ်ကိုင်ရဲကြပါ။လယ်မြေသစ်များဖော်ထုတ်ရန်အများအပြားကျန်ရှိနေပါသေးသည်။

(၁.၃.၂) ဓာတ်သတ္တုနှင့်အခြားသဘာဝ ရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ)
ကာဗွန် (ဓာတ်ငွေ့/ရေနံ)	**မရှိ**	**လက်**လမ်းမမီ
အခြား ရင်းမြစ်များ	**နည်း**	**ခက်**
အခြားသဘာဝရင်းမြစ်		
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	**နည်း**	**ခက်**
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊	**သင့်**	**လွယ်**

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ)
ဆေးဘက်ဝင်အပင်များ)		

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာပတ်ဝန်းကျင်ရှေ့ထွက်သော်လည်းကျေးရွာနေပြည်သူများမှထုတ်ယူရန်ခက်ခဲပါသည်။အကြောင်းမှာမတရားလက်နက်ကိုင်အဖွဲ့များရှိနေသောကြောင့်အခြားဒေသမှငွေကြေးပေး၍လုပ်ကိုင်နိုင်ကြသည်။သဘာဝသစ်တောများ များစွာရှိသော်လည်းမတရားလက်နက်ကိုင်အဖွဲ့များကထိန်းချုပ်ထားသဖြင့်လုပ်ကိုင်ရန်မလွယ်ကူပေ။ကျွန်းသစ်များရှိသော်လည်းငွေကြေးပေးနိုင်သူများသာလုပ်ကိုင်ခွင့်ရကြသည်။သဘာဝအရင်းအမြစ်နှင့်ပတ်သက်၍မည်သည့်ထွက်ကုန်မဆိုကျေးရွာနှင့်(၄) မိုင်ကျော်တွင်တည်ရှိနေပြီးထိုနေရာကို KIA အဖွဲ့များမှကြီးစိုးချုပ်ကိုင်ထားသဖြင့်လုပ်ခွင့်မရကြပေ။ သဘာဝအရင်းအမြစ်များသတ္တု အနည်းငယ်ရှိသော်လည်းအဖွဲ့အစည်းများကြောင့်လုပ်ကိုင်ရန်ခက်ခဲနေကြောင်းလေ့လာတွေ့ရှိရပါသည်။

(၁.၄) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲသော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၃၀ ဧကနှင့်အထက်	၂၀ဧကနှင့်အထက်	၂၀ဧကအောက်	၁၀ဧကအောက်
အိမ်အခြေအနေ	အုတ်တိုက်	သွပ်မိုး၊ပျဉ်ခင်း၊ထရံကာ	သွပ်၊ထရံကာ	မြေစိုက်
လုပ်ငန်းသုံးကိရိယာပိုင်ဆိုင်မှု	လက်တွန်းထွန်စက် တစ်လုံးထက်ပို	လက်တွန်းထွန်စက် ကျွဲ၊နွား၊လှည်း	နွား၊ကျွဲ၊လှည်း	ကျွဲ၊နွား
ကုန်ထုတ်လုပ်မှုနှင့်မဆိုင်သော ပိုင်ဆိုင်မှု	ကား၊ ဆိုင်ကယ်၊ ထွေလာဂျီ	ဆိုင်ကယ်၊ စက်ဘီး	ဆိုင်ကယ်၊စက်ဘီး	စက်ဘီး
အဓိကစီးပွားရေးလုပ်ငန်း	လယ်၊စျေးဆိုင်၊ဆီစက်၊ဆန်စက်၊	လယ်၊စျေးဆိုင်	စိုက်ပျိုးရေး လယ်ပိုင်	စိုက်ပျိုးရေး ကျပန်း
အိမ်ထောင်စု - ၁၉၈	၂၂ (၁၁%)	၈၈(၄၄%)	၄၃ (၂၂ %)	၄၅(၂၃%)

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ဥစ္စာဓနအဆင့် သတ်မှတ်ရာတွင် အခြားပိုင်ဆိုင်မှုကိုသာခွဲခြား၍ ရပြီးလယ်မြေကောပိုင်ဆိုင်မှုတွင်ခွဲခြားရန်ခက်ပါသည်။လယ်မြေပိုင်ဆိုင်မှုနှင့်လက်တွန်းထွန်စက်ပိုင်ဆိုင်မှုတို့မှာများသောအားဖြင့်တူညီနေသည်ကိုတွေ့ရပါသည်။အချို့အခြေအနေများတွင်စိုက်ပျိုးမြေကောပိုင်ဆိုင်မှုများသော်လည်းစီးပွားအဆင့် ၃ နှင့် ၄ တွင်တည်ရှိနေသည်ကိုလေ့လာတွေ့ရှိရပါသည်။

(၁.၅) ထိခိုက်လွယ်မှု

(၁.၅.၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်း)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖြေရှင်းသည့်နည်းဗျူဟာ
၃ လအောက်	၈၈	၃၀%	ချေးယူစားသောက်၊တစ်နေ့လုပ်တစ်နေ့စား
၃ လနှင့် ၅ လ အထိ			
၆လ မှ ၁၂ လ အထိ			

ရင်းမြစ် .. ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ဥစ္စာဓနအဆင့် ၃ နှင့် ၄ တွင်ဝမ်းစာဖူလုံမှုမှာ ၃ လအောက်တည်ရှိကြောင်းတွေ့ရှိရသည်။စိုက်ပျိုးမှုပိုင်ဆိုင်မှုရှိကြသော်လည်းအရင်းအနှီးလုံလောက်စွာမရှိကြသည့်အတွက်စိုက်ပျိုးရန်လက်တွန်းထွန်စက်၊မျိုးစပါး၊စိုက်ပျိုးစရိတ်၊ရိတ်သိမ်းစရိတ်၊ကုန်ကျစရိတ်အားလုံးတို့ကိုကျေးရွာ၏အနေအထားအရစပါးတင်းတိုးဖြင့်ချေးယူလုပ်ကိုင်ရသည့်အတွက်အကြွေးတင်ရှိမှုနှုန်းမှာများပြားလှသည်။လယ်မြေကော(၂၀)ခန့်ရှိကြသော်လည်းဝမ်းစာဖူလုံမှုမရှိကြသည့်အပြင်အကြွေးတင်ရှိမှုနှုန်းမှာလည်းပို၍မြင့်မားလာကြောင်းတွေ့ရှိရသည်။မိသားစုတစ်စုစားဝတ်နေရေး၊ပညာရေး၊ကျန်းမာရေး၊လူမှုရေးအရာအားလုံး၏ကုန်ကျစရိတ်ကိုချေးယူစားသောက်နေရသောကြောင့်မလည်ပတ်နိုင်ပဲဖြစ်နေကြသည်။ ထွန်ယက်စိုက်ပျိုးရန်ကိုင်းရိုင်းဖြစ်နေသည့်အတွက်ကျွဲနွားနှင့်အဆင်မပြေနိုင်၍လက်တွန်းထွန်စက်ကို စပါးတင်းတိုးချေး၍ဝယ်ယူရသောကြောင့်အခက်အခဲများစွာကြုံတွေ့နေရပါသည်။အဆင့် ၃ နှင့် ၄ တွင်ရှိနေသောတောင်သူအချို့မှာတင်းတိုးစပါးအကြွေး(၅၀၀)တင်းမှ(၈၀၀)တင်းထိတင်ရှိေနကြကြောင်းလေ့ လာတွေ့ရှိရပါသည်။

(၁၅.၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက်	၆	၂၈	၃၄

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၁၂		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	၁		
အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိသက်ကြီးရွယ်အိုများအနက်အချို့မှာသားသမီးများရှိသော်လည်းစားဝတ်နေရေးအတွက်ရုန်းကန်နေရသောကြောင့်သက်ကြီးရွယ်အိုများကိုပြုစုစောင့်ရှောက်နိုင်ခြင်းမရှိပါ။အချို့အိမ်များတွင်သက်ကြီးရွယ်အိုများကိုအိမ်စောင့်ထား၍လယ်ဆင်းလုပ်ကိုင်နေရသည်ကများသည်။ ကျေးရွာတွင်အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုများအနက်အချို့အိမ်ထောင်စုများမှာအသက်ကြီး၍လည်းကောင်းသားသမီးများရှိသော်လည်းမူးယစ်ဆေးစွဲ၍လည်းကောင်းအဆင်မပြေကြပေ။အချို့မုဆိုးဖိုများမှာလည်းကျပမ်းအလုပ်များလုပ်ကိုင်နေရသော်လည်းအလုပ်အကိုင်ရှားပါး၍ပုံမှန်ဝင်ငွေမရရှိသောကြောင့်အဆင်မပြေနိုင်ကြပေ။

(၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	စားနပ်ရိက္ခာမဖူလုံမှု	လတ်	စိုက်ပျိုးရေးလုပ်ကိုင်သူများကြသည်။
၂	သဘာဝရင်းမြစ်ရှားပါးမှု(မြေ၊စိုက်ပျိုးရေ)	လတ်	စိုက်ပျိုးမြေများရှိသော်လည်းရေနစ်ခြင်း၊ကိုင်းရိုင်းများရှိခြင်း
၃	ရေကြီးခြင်း	လတ်	သဘာဝဘေးအန္တရာယ်၊အင်းတော်ချောင်းနှင့်နန့်တိန်းချောင်း
၄	မိုးခေါင်ခြင်း	လတ်	သစ်တောများပြုန်းတီးခြင်းကြောင့်
၅	အအေးလွန်ကဲခြင်း	နိမ့်	တစ်ခါတစ်ရံ
၆	မုန်တိုင်း	နိမ့်	မရှိ
၇	ငလျင်	နိမ့်	မရှိ
၈	မီးဘေး	နိမ့်	မီးလောင်ကျွမ်းမှုနည်းပါးသည်
၉	ဆားငန်ရေဝင်မြေ	နိမ့်	ပင်လယ်နှင့်နီးစပ်မှုမရှိ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁၀	မြေပြိုခြင်း၊မြေမြေဆီလွှာပျက်ယွင်းမှု	နိမ့်	
၁၁	**သစ်တောပြုန်းတီးခြင်း**	မြင့်	သစ်တောဝါးတိုများ အလွန်အကျွံခုတ်ခြင်း
၁၂	**ငှက်ဖျားရောဂါ**	မြင့်	မိုးရာသီ၌ခြင်ပေါခြင်း။
၁၃	**တီဘီရောဂါ**	နိမ့်	ဖြစ်ပွားမှုနည်းပါးသည်။
၁၄	**ကိုယ်ခံအားကျဆင်းမှုရောဂါ**	နိမ့်	မူးယစ်ဆေးသုံးသူနှင့်ဆေးထိုးအပ်တို့မှကူးစက်ခြင်း
၁၅	**ပြည်တွင်း ပဋိပက္ခ**	လတ်	မတရားလက်နက်ကိုင်အဖွဲ့များနှင့်နီးကပ်ခြင်း
၁၆	**တိရစ္ဆာန် ကူးစက်ရောဂါကျရောက်မှု**	မြင့်	နှစ်စဉ်ကျွဲ နွားများရောဂါဖြစ်၍သေဆုံးခြင်း၊
၁၇	**လူကုန်ကူးခြင်း**	နိမ့်	**မရှိ**
၁၈	**ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲ စသည်**	မြင့်	လမ်းပမ်းဆက်သွယ်ရေးခက်ခဲပါသည်။နှစ်စဉ်ရေကြီးရေလျှံခြင်း၊ရွာချင်းဆက်လမ်းများမြေသားလမ်းဖြစ်ခြင်း၊ကုန်ထုတ်လမ်းမကောင်းခြင်း၊လမ်းတံတားများပျက်စီးနေခြင်း၊
၁၉	**အခြား**	-	မတရားလက်နက်ကိုင်အဖွဲ့များမှဆက်ကြေးကောက်ခံခြင်း

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိစားနပ်ရိက္ခမဖူလုံသည့်အိမ်ထောင်စုအချို့မှာလယ်စိုက်ပျိုးရန်အရင်းအနှီးမရှိ၍ချေးယူလုပ်ကိုင်ရာမှာစပါးပေါ်ချိန်မှသာချေးယူထားသောအကြွေးအားပြန်ပေးဆပ်ရသောကြောင့်အချို့လယ်သမားများမှာအိမ်သို့ပင်စပါးမရောက်ပဲကုန်သွားရပါသည်။သဘာဝအရင်းအမြစ်အနေဖြင့်အသင့်အတင့်ရှိသော်လည်းလုပ်ကိုင်ရန်အရင်းအနှီးမရှိခြင်း၊မတရားလက်နက်ကိုင် KIA အဖွဲ့အားကြောက်ရွံ့နေရသဖြင့်လွတ်လပ်စွာလုပ်ကိုင်ခွင့်မရရှိကြပေ။ငွေကြေးတတ်နိုင်သူများသာခံစားခွင့်ရရှိကြပြီးဒေသခံများအနေဖြင့်သစ်တောပြုန်းတီးခြင်းသာအဖတ်တင်ကျန်ရှိနေရပါသည်။ အဓိကပြဿနာမှာကျေးရွာသည်ဝေးလံခေါင်သီ၍လမ်းပမ်းဆက်သွယ်ရေးအလွန်ခက်ခဲခြင်း၊ကုန်ထုတ်လမ်းရှိသော်လည်းသွားလာ၍မရခြင်းတို့ကြောင့်အုပ်ချုပ်ရေးလက်လှမ်းမမီသဖြင့်ဒေသခံပြည်သူများသည်သဘာဝအရင်းအမြစ်များရှိသော်လည်းအကျိုးရှိရှိအသုံးမပြုနိုင်ကြပေ။

(၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	လူငယ်	မြင့်	လုပ်အားလုံလောက်စွာပေးနိုင်ခြင်း မူးယစ်ဆေးဝါးပေါများခြင်း
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့်	အလုပ်အကိုင်ရှားပါးခြင်း
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	လတ်	လုပ်ကိုင်စားသောက်ရန်အရင်းအနှီးမရှိခြင်း
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	နိမ့်	မရှိ
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မရှိ	
၆	မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident) တွင် နေထိုင်သူများ	နိမ့်	မရှိ
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မရှိ	
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	မရှိ	
၉	ငါးကန်ပိုင်ရှင်	မရှိ	
၁၀	လက်လုပ်လက်စားများ၊ ကျပန်း	လတ်	လယ်မဲ့ယာမဲ့များပြားခြင်း
၁၁	လူနည်းစုလူမျိုးများ	မရှိ	ရှမ်း၊ဗမာလူအများဆုံးနေထိုင်သည်။
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင် နေထိုင်သူများ	မြင့်	တိုက်ပွဲများမဖြစ်သော်လည်းမတရားလက်နက်ကိုင်အဖွဲ့များနှင့်နီးကပ်နေသောကြောင့်လွတ်လပ်စွာလယ်ယာလုပ်ကိုင်ခွင့်မရခြင်း၊ဆက်ကြေးတောင်းခြင်း၊နယ်မြေသတ်မှတ်ခြင်း
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	နိမ့်	
၁၄	ရွှေတွင်းလုပ်သား	လတ်	အများစုသည်အလုပ်သမားအဖြစ်လုပ်ကိုင်ခြင်း

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁၅	ဆေးစွဲသူများ	မြင့်	ဆေးကိုအလွယ်တကူရနိုင်သည်။အုပ်ချုပ်ရေးလက်လှမ်းမမီခြင်း
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ	မြင့်	မူးယစ်ဆေးသုံးစွဲသူများကြောင့်ကူးစက်ရောဂါရနိုင်ချေရှိသူများပြားသည်။
၁၇	လှည့်လည်သွားလာ၍ဈေးရောင်းသူများ	မရှိ	
၁၈	နေရပ်ပြန် အခြေချသူများ	မရှိ	
၁၉	ရွှေ့ပြောင်းလုပ်သားများ	နိမ့်	
၂၀	ကားသမား	နိမ့်	
၂၁	အခြား	-	

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဒေသခံပြည်သူများအနေဖြင့်သဘာဝရင်းမြစ်များထိရောက်စွာအသုံးပြုခွင့်မရသည့်အတွက်အလုပ်အကိုင်ရှားပါးသောကြောင့်ဆင်းရဲသားလူဦးရေများပြားလာပါသည်။မြေယာမဲ့ဆင်းရဲသားတောင်သူများအနေဖြင့်လည်းစားဝတ်နေရေးအတွက်ဝင်ငွေရလုပ်ငန်းများရှားပါးသဖြင့်ချေးယူစားသောက်နေရသောကြောင့်ဝင်ငွေနှင့်ထွက်ငွေမလုံလောက်သဖြင့်အကြွေးတင်ရှိမှုမြင့်မားလာပါသည်။ မြေယာမဲ့များအနေဖြင့်စိုက်ပျိုးရေးလုပ်ကိုင်လိုသော်လည်းအရင်းအနှီးမရှိသဖြင့်မလုပ်ကိုင်နိုင်ကြပေ ချေးယူ၍လည်းမလုပ်ကိုင်ရဲကြပေ။ ချေးယူလုပ်ကိုင်နေသောအချို့တောင်သူများမှာလည်းစပါးတင်းတိုးဖြင့်ယူ၍လုပ်ကိုင်ရသောကြောင့်မငတ်ရုံစားရပြီးအကြွေးတင်ရှိမှုသာမြင့်မားလာခဲ့ပါသည်။အလုပ်အကိုင်ရှားပါးခြင်း၊အရင်းအနှီးမရှိခြင်းတို့ကြောင့်မူးယစ်ဆေးရောင်းချသူများပြားလာပြီးဒေသခံလူငယ်လူရွယ်အိမ်ထောင်သည်တို့မူးယစ်ဆေးသုံးစွဲမှုမြင့်မားလာပါသည်။မူးယစ်ဆေးသုံးစွဲသူများပြားလာသည်နှင့်အမျှကူးစက်ရောဂါရရှိသောသူများတိုးပွားလာကြပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဧယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုး အစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်း တာဝန်	ဦးဆောင် ဖွဲ့စည်း သူများ (၄/၅)	စွမ်း ဆောင် နိုင်မှု (၆/၇/၈)
			ကျား	မ	ပေါင်း			
၁	အရံမီးသတ်တပ် ဖွဲ့	၂	၁၅		၁၅	လုံခြုံရေး၊မီးဘေး	၄	၇
၂	မိခင်နှင့်ကလေး	၂	-	၇	၇	အမျိုးသမီးကူညီ စောင့်ရှောက်ရေး	၄	၇
၃	အမျိုးသမီးရေး ရာ	၂	-	၈	၈	အမျိုးသမီးကူညီ စောင့်ရှောက်ရေး	၄	၇
၄	အပျိုလူပျိုအဖွဲ့	၂	၃၀	၅၀	၈၀	သာရေးနာရေး	၄	၇
၅	ဂေါပက	၂	၂၀	၂၀	၄၀	ဘာသာရေး	၄	၇

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) **စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။**

(၂) **လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

ဦးဆောင်ဖွဲ့စည်းသူများ

(၄) **ကျေးရွာလူထုကိုယ်တိုင်**

(၅) **ပြင်ပအဖွဲ့အစည်း**

အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ

(၆) **ကောင်း - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။**

(၇) **သင့် - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေးကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။**

(၈) **ညံ့ (အားနည်း) - ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်းလူထုအခြေပြုအဖွဲ့အစည်းများမှာစွမ်းဆောင်ရေးအသင့်အတင့်ရှိကြသည်။ သို့သော်အဖွဲ့အစည်းများအနေဖြင့်ရန်ပုံငွေမရှိခြင်း၊ အတွေ့အကြုံဗဟုသုတနည်းပါးခြင်း ၊ ကျေးရွာလူထုမှမကူညီပေးပဲအတင်းဖျင်းပြောခြင်းတို့ကြောင့်အခက်ခဲများစွာရှိပါသည်။အကြောင်းရင်းမှာကျေးရွာလူထုအဖွဲ့အစည်းများကိုသက်ဆိုင်ရာဌာနများမှစွမ်းဆောင်ရည်မြင့်တင်ပေးသည့်သင်တန်းများမပေးခြင်း၊တိကျစွာဖွဲ့စည်းပေးခြင်းများမရှိသောကြောင့်ဖြစ်သည်။လူထုအခြေပြုအဖွဲ့အစည်းများကိုသက်ဆိုင်ရာမှသေချာဖွဲ့စည်းပေးပါကလွန်စွာအကျိုးရှိနိုင်ပါသည်။

(၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်
၁	FFI	၂	တိရစ္ဆာန်နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ဒေသခံပြည်သူများအစုအဖွဲ့ပိုင်သစ်တောစိုက်ခင်းများဖြစ်ပေါ်လာရေး

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) **ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း** (ပြည်တွင်း/ ပြည်ပ)

(၂) **အစိုးရမဟုတ်သောအဖွဲ့အစည်း** (ပြည်တွင်း/ ပြည်ပ)

(၃) **အရပ်ဘက်လူမှုအဖွဲ့အစည်း**

(၄) **ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ** (**ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်**)

(၅) **ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း** (**ဥပမာ** - UK Aid, GIZ **စသည့်**)

(၆) **ပရဟိတအဖွဲ့** (ပြည်တွင်း/ ပြည်ပ)

(၇) **ပုဂ္ဂလိကအဖွဲ့အစည်းများ**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာလူနည်းစုသာစိတ်ဝင်စား၍ကျေးရွာလူထုအနေဖြင့်ပူးပေါင်းပါဝင်မှု

အားနည်းပါသည်။ထို့ပြင်ဒေသခံပြည်သူအစုအဖွဲ့ပိုင်စိုက်ပျိုးရန်ပြုလုပ်ထားသော်လည်းဆင်နှင့်ကျွဲနွားများစည်းမဲ့ကမ်းမဲ့လွတ်ခြင်းကြောင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတွင်အခက်အခဲနှင့်ရင်ဆိုင်နေရသည်။သဘာဝပတ်ဝန်းကျင်ထိန်သိမ်းရန်အပင်များစိုက်ပျိုးနိုင်ရန်ပလပ်မြေများကိုသက်ဆိုင်ရာဌာနမှကူညီပံ့ပိုးပေးပါကချမှတ်ပေးပါကသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန်ဒေသခံပြည်သူအဖွဲ့ပိုင်သစ်တောစိုက်ခင်းများပိုမိုဖြစ်ထွန်းနိုင်ပါသည်။

(၂.၂) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(၂.၂.၁) သီးနှံထုတ်လုပ်ရေး

(၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏**စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၅၀	၂၅	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၁၆	၈	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧကထိ	၂၈	၁၄	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၈၃	၄၂	အလယ်အလတ်စား တောင်သူ
၅	၁၂.၅ ဧက အထက်	၂၁	၁၁	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		**၁၉၈**	**၁၀၀%**	

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။ စိုက်ပျိုးမြေပိုင်ဆိုင်မှုတွင်အနည်းဆုံး(၅)ဧကမှ(၂၀/၃၀/၄၀)ဧက ကြားပိုင်ဆိုင်မှုများရှိကြသည်။စားဝတ်နေရေးအတွက်စပါးစိုက်ခြင်းကိုသာအဓိကထားလုပ်ကိုင်ရသောကြောင့်ဖြစ်သည် ဒေသအနေဖြင့်အခြားဝင်ငွေရလုပ်ငန်းမရှိသလောက်ရှားပါးသဖြင့် လယ်မြေများစွာပိုင်ဆိုင်လုပ်ကိုင်နိုင်ကြသော်လည်းအကြွေးတင်ရှိမှုမြင့်မားနေဆဲဖြစ်ပါသည်။လယ်မြေသစ်များဖော်ထုတ်ရန်မြေနေရာများရှိသော်လည်းကိုင်းရိုင်းဖြစ်နေခြင်း၊မတရားလက်နက်ကိုင်အဖွဲ့များမှခွင့်မပြုခြင်း၊အရင်းအနှီးမရှိခြင်းတို့လုံလောက်စွာမရှိခြင်းတို့ကြောင့်အကြွေးတင်မှုကိုကြောက်ရွံ့ကြသောကြောင့်စိုက်ပျိုးရေးကိုမလုပ်ကိုင်နိုင်ကြပေ။အချို့နေရာများတွင်ရွာနှင့်နီးသော်လည်းရေနစ်ခြင်း၊တောင်သူတစ်ဦးလုပ်ကိုင်နိုင်သည်ထက်ပို၍ယူထားခြင်းတို့သည်လည်းအခက်ခဲတစ်ရပ်ဖြစ်လျက်ရှိပါသည်။

(၂.၂.၁.၂) အစိုးရနှင့်ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် **ရေသွင်းဧရိယာ**

စဉ်	ရင်းမြစ်	အစိုးရ /ပုဂ္ဂလိက	ရေသောက်ကေ	ရရှိနိုင်မှု	
				တနှစ်ပတ်လုံး/ ရာသီအလိုက်	လုံလောက်မှု (ရှိ/မရှိ)
၁	ဆည်	-			
၂	ရေလွှဲဆည်	-			
၃	မြစ်ရေတင်စီမံကိန်း	-			
၄	အဝီစိတွင်း	-			
၅	လက်ဝင် ရေတွင်း	-			
၆	စိမ့်စမ်းရေ	-	၂၀၀	တစ်နှစ်ပတ်လုံး	မရှိ
၇	ချောင်းရေ	-	-		မရှိ
၈	အခြား	မိုးရေ	၂၅၀	တစ်နှစ်ပတ်လုံး	မရှိ

ရင်းမြစ် ... (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း** - **လယ်သမား အုပ်စု၊** (၂) **ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။ ။မိုးရာသီကာလ၌သာမိုးရေနှင့်စိမ့်စမ်းရေကိုအသုံးပြုနိုင်ကြသည်။မိုးခေါင်သော အချိန်များတွင်မိုးတွင်းကာလဖြစ်သော်လည်းစိုက်ပျိုးရေလုံလောက်မှုမရှိပါ။စနစ်တကျသွယ်တန်းအသုံး ပြုမည်ဆိုပါကလက်ရှိရေသောက်ကေထက်ပိုမိုအသုံးပြုနိုင်မည်ဖြစ်ပါသည်။

(၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) **အဓိကသီးနှံများနှင့် အထွက်နှုန်း**

	စုစုပေါင်း စိုက်ကေ	သီးနှံထွက်မှု				သီးနှံ စိုက်ပျိုးသည့် ကာလ		သွင်းအား စုလိုအပ်ချက် (နိမ့်/လတ်/ မြင့်)	အမြတ် ရရှိနိုင်မှု (နိမ့်/လတ်/ မြင့်)	မှတ် ချက်
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
စပါး	၂၄၉၂	တင်း	၄၀	၈၀	၆၀	မေ	ဂျူလိုင်	မြင့်	နိမ့်	

	စုစုပေါင်း စိုက်ကေ	သီးနှံထွက်မှု				သီးနှံ စိုက်ပျိုးသည့် ကာလ		သွင်းအား စုလိုအပ်ချက် (နိမ့်/လတ်/ မြင့်)	အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/ မြင့်)	မှတ် ချက်
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ စိုက်ပျိုးရေးကိုအခြေပြုသောကျေးရွာဖြစ်သောကြောင့်ကျေးရွာရှိအိမ်ခြေနှင့်ကြည့်လျင်စပါးအထွက်နှုန်းမှာမြင့်မားပါသည်။တောင်သူများအနေဖြင့်ထုတ်ကုန်အားကောင်းသော်လည်းစပါးမျိုးသန့်မရနိုင်ခြင်း၊နည်းပညာအားနည်းခြင်း၊မြေဩဇာလယ်ယာသုံးပစ္စည်းများ၊သွင်းအားစုများလိုအပ်ချက်မြင့်မားလှပါသည်။ မြို့နှင့်အလှမ်း၍လမ်းပမ်းဆက်သွယ်ရေးခက်ခဲသောကြောင့်သွင်းအားစုကုန်ပစ္စည်းများကိုဈေးနှုန်းမြင့်မားစွာဝယ်ယူအသုံးပြုနေရသည်။အမြတ်ရရှိနိုင်မှုအခြေအနေတွင်တောင်သူများအနေဖြင့်ကုန်ထုတ်လမ်းရှိသော်လည်းအသုံးပြု၍မရသည့်အတွက်အချိန်နောက်ကျမှစပါးပေါ်ခြင်းသတ်မှတ်နှုန်းထားမရခြင်းလမ်းအခက်အခဲကြောင့်ကုန်ကျစရိတ်များပြား၍အမြတ်ရရှိမှုနည်းပါးလှသည်လမ်းပမ်းဆက်သွယ်ရေးနှင့်တောင်သူကုန်ထုတ်လမ်းများကောင်းမွန်ပါကယခုစိုက်ပျိုးဧကထက်များစွာစိုက်ပျိုးနိုင်ပြီးစပါးထွက်နှုန်းမှာလည်းပိုမိုကောင်းမွန်နိုင်မည်ဖြစ်ပါသည်။မြေဩဇာအသုံးပြုရန်မလိုသည့်စိုက်ပျိုးမြေများလည်းထပ်မံရရှိနိုင်လာပါသည်။

(၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	ပိုင်ဆိုင်မှု					စက်ကိရိယာငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်	မှတ်ချက်/ အခြေအနေ
	တစ်ဦးချင်းပိုင်	အဖွဲ့ပိုင်		ရွာပိုင်			
		အရေအတွက်	လယ်သမားဦးရေ	အရေအတွက်	လယ်သမားဦးရေ		
ထွန်စက်	၁	-	-	-	-	-	
လက်တွန်းထွန်စက်	၁၄၉	-	-	-	-	-	
အစေ့ချ ကိရိယာ	-					-	
ရိတ်သိမ်းခြေလှေ့စက်	-					-	

စက်အမျိုးအစား	ပိုင်ဆိုင်မှု					စက်ကိရိယာငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်	မှတ်ချက်/အခြေအနေ
	တစ်ဦးချင်းပိုင်	အဖွဲ့ပိုင်		ရွာပိုင်			
		အရေအတွက်	လယ်သမားဦးရေ	အရေအတွက်	လယ်သမားဦးရေ		
ရိတ်သိမ်းစက်	၂	-	-	-	-	-	
ခြွေလှေ့စက်	၂	-	-	-	-	၁၄၆	
ရေစုပ်စက်	-	-	-	-	-	-	
ခြေနင်းရေတင်စက်	-	-	-	-	-	-	
မြက်ရိတ်စက်	၂	-	-	-	-	-	

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိတောင်သူအားလုံးနီးပါးလက်တွန်းထွန်စက်ပိုင်ဆိုင်ကြပါသည်။စိုက်ပျိုးမြေစတင်ရှင်းလင်းရာတွင်ကိုင်းရိုင်းဖြစ်သောကြောင့်လက်တွန်းထွန်စက်အသုံးပြုမှုသာတွင်ကျယ်စွာလုပ်ကိုင်နိုင်မည်ဖြစ်သောကြောင့်တောင်သူများမှာလက်တွန်းထွန်စက်ကိုတန်ဘိုး၏ ၆၀% ပေးသွင်း၍ကျန် ၄၀% ကိုအတိုး (၁)ကျပ်နှုန်းဖြင့်တစ်နှစ်ဆပ်ဝယ်ယူအသုံးပြုကြသည်။ထိုသို့ဝယ်ယူရာတွင်ပထမအရစ်ပေးရသောငွေမှာလည်းတောင်သူများ၏ ကိုယ်ပိုင်ငွေမဟုတ်ပဲဒေသခလေ့အရစပါးတင်းတိုးငွေယူ၍ဝယ်ယူကြရသည်ကများသည့်အလျောက် တောင်သူများအနေဖြင့်လယ်မြေကများ၊လက်တွန်းထွန်စက်များပိုင်ဆိုင်ထားသော်လည်းဝမ်းစ,ဖူလုံမှုအခက်အခဲနှင့်အကြွေးတင်ရှိမှုမှာမြင့်မားကြသည်။

(၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) **သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ**

အခြေအနေ	ဖော်ပြချက်/ရှင်းလင်းချက်
မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊ မြေဆီဩဇာ)	ကိုင်းရိုင်းအားခုတ်ထွင်ရှင်းလင်းစိုက်ပျိုး၍မြေဆီလွှာကောင်းရေနစ်ကွင်း
ရေရင်းမြစ်	**မိုးရေ**
သဘာဝမြေဆွေး၊ အော်ဂဲနစ် မြေဩဇာ	**သဘာဝမြေဩဇာ(နွားချေး)**
အော်ဂဲနစ်/ဓာတုပိုးသတ်ဆေး	**မရှိ**
ချေးငွေနှင့် ငွေကြေး	**စိုက်ပျိုးရေးဘဏ်မှ(၁)ကေလျှင် ၁၅၀၀၀၀ နှုန်းဖြင့်ထုတ်ချေးပေး**

အခြေအနေ	ဖော်ပြချက်/ရှင်းလင်းချက်
ဝန်ဆောင်မှုများ	**သမဵိုးစီးမှတောင်သူတစ်ဦးလျင် ၅၀၀၀၀၀ နှုန်းဖြင့်ထုတ်ချေးပေး**
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	**အားနည်း**
သွင်းအားစုဈေးကွက်	**လမ်း**ပမ်းဆက်သွယ်ရေးခက်ခဲသဖြင့်သွင်းအားစုဈေးကွက်မြင့်မား
ထုတ်လုပ်မှုဈေးကွက်နှင့် ကုန်သွယ်မှု	ထုတ်လုပ်မှုအားကောင်းသော်လည်း
အခြား	-

ရင်းမြစ် ... (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊** (၂) **သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။**

လေ့လာတွေ့ရှိချက်။ ။ စိုက်ပျိုးမြေများမှာကိုင်းရိုင်းပေါ်တွင်စိုက်ပျိုးထားသောကြောင့်မြေဆီဩဇာမှာကောင်းပါသည်။အချို့နေရာများတွင်ရေနစ်၍ကာကွယ်ရန်နည်းလမ်းရှိသော်လည်းအရင်းနှီးမရှိသောကြောင့်ရေနစ်ကွင်း ကိုင်းရိုင်းအဖြစ်သာရှိနေပါသောစိုက်ပျိုးဧကများစွာရှိပါသည်။တောင်သူများအတွက် သမဝါယမနှင့်စိုက်ဘဏ်မှ ချေးငွေများထုတ်ချေးပေးသော်လည်းလမ်းပမ်းဆက်သွယ်ရေးခက်ခဲသောကြောင့်ကုန်ကျစရိတ်မြင့်မားခြင်း၊အလုပ်သမားရှားပါးခြင်း၊လုပ်အားခနှုန်းထားများမြင့်မားခြင်း၊ချေးငွေနောက်ကျမှရရှိခြင်းတို့ကြောင့်အခက်အခဲများစွာရင်ဆိုင်ရပါသည်။အဆိုးဆုံးမှာတောင်သူများအနေဖြင့် သဘာဝဘေးအန္တရာယ်ကြောင့်စိုက်ပျိုးထားသောသီးနှံများပျက်စီးဆုံးရှုံးကြသဖြင့်စားသုံးရန်ဝမ်းစာစပါးပင်မလောက်ငှကြပေ။စိုက်ဘဏ်နှင့်သမချေးငွေများမှာလည်းဆိုင်းငံ့မရပါ။တောင်သူများအဆင်မပြေမှုမှာဘဏ်နှင့်မဆိုင်ကြောင်းထုတ်ချေးထားသောငွေများကိုအချိန်မီပြန်လည်ပေးသွင်းရကြရသည်။စိုက်ပျိုးရေးသာလုပ်ကိုင်စရာရှိသောတောင်သူများအနေဖြင့်စိုက်ပျိုးထားသောသီးနှံများဆုံးရှုံးရသော်လည်းချေးငွေပြန်လည်ပေးဆပ်ရန်စပါးတင်းတိုးထပ်မံယူကြရသည်။ထိုတစ်နှစ်အတွက်ဆုံးရှုံးသည့်အပြင်တင်းတိုးယူ၍ဘဏ်ချေးငွေဆပ်ရသောကြောင့်တောင်သူအနေဖြင့်အကြွေးတင်ရှိမှုများပြားလာ၍အနည်းဆုံး(၄/၅) နှစ်ခန့်အလျဉ်မမီတော့ပဲချေးယူစားသောက်၍ရင်ဆိုင်ဖြေရှင်းကြရသည်။လယ်ယာမဲ့ဘဝသို့ကူးပြောင်းသွားကြသောတောင်သူများလည်းရှိကြသည်။

(၂.၂.၁.၆)သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား (၁၈) **သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

ပြဿနာ	ဖော်ပြချက်/ရှင်းလင်းချက်
စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု	တိုးချဲ့နိုင်ရန်မြေလွတ်ရှိသော်လည်းတိုးချဲ့နိုင်ရန်စက်ပစ္စည်းမလုံလော**က်**

ပြဿနာ	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီဩဇာ အခြေအနေ	အသင့်အတင့်
ငွေကြေးအရင်းအနှီးရရှိနိုင်မှု	လုံလောက်မှုမရှိ
စိုက်ပျိုးရေး သွင်းအားစုများ အချိန်မီ ရရှိအသုံးချနိုင်မှု	**လမ်းပမ်းဆက်သွယ်ရေးခက်ခဲခြင်း၊ဈေးနှုန်းမြင့်မားခြင်းတို့ကြောင့် အချိန်မီအသုံးချနိုင်မှုမရှိ**
လုပ်သားရှားပါးမှု (ကျွမ်းကျင်သူ/ မကျွမ်းကျင်သူ)	ကျွမ်းကျင်လုပ်သားရှားပါးခြင်း၊ဒေသတွင်ငှားရမ်း၍မရနိုင်ခြင်း၊ဈေးနှုန်းမြင့်မားခြင်း
ရေရင်းမြစ်များ ရရှိနိုင်မှု	**ချောင်းရေ**
စိုက်ပျိုးရေးမလုံလောက်မှု	မိုးရေကိုသာအားထားရ၍မိုးခေါင်သည့်နှစ်များတွင်အခက်အခဲများရှိ
ဖျက်ပိုးနှင့် ရောဂါ	ရောဂါကျရောက်တတ်ပြီးသုံးစွဲမှုနည်းလမ်းမကျွမ်းကျင်ခြင်း
ဈေးကွက် လက်လှမ်းမီမှု	**လမ်းပမ်းဆက်သွယ်ရေးခက်ခဲသဖြင့်ဈေးကွက်လက်လှမ်းမီမှုမရှိခြင်း**
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	**လက်တွေ့အသုံးပြုနိုင်မှုမရှိ**
အခြား	-

ရင်းမြစ် ... (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊** (၂) **သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီး ဌာနများ။**

လေ့လာတွေ့ရှိချက်။ ။ မြေဆီဩဇာကောင်းသောစိုက်ပျိုးမြေကိုင်းရိုင်းများရှိသော်လည်းရေနစ်ခြင်း၊ စက်ကရိယာမလုံလောက်ခြင်း၊ငွေကြေးအရင်းအနှီးမရှိခြင်း၊စိုက်ပျိုးရေးသွင်းအားစုများအချိန်မီရရှိအသုံးပြုနိုင်မှုမရှိခြင်း၊ကျွမ်းကျင်လုပ်သားရှားပါး၍ငှားရမ်းစရိတ်မြင့်မားခြင်းတို့ကြောင့်သီးနှံအထွက်တိုး၍မြေဩဇာသုံးရန်မလိုသောစိုက်ပျိုးမြေများမချဲ့ထွင်နိုင်ကြပါ။သီးနှံအထွက်တိုးရန်နည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုအားနည်းခြင်း၊ဈေးကွက်နှင့်အလှမ်းဝေးလွန်း၍တိကျပြည့်ဝသောနှုန်းထားမရရှိခြင်း၊ကုန်ထုတ်လမ်းနှင့် လမ်းပမ်းဆက်သွယ်ရေးခက်ခဲခြင်းတို့ကြောင့်သီးနှံထုတ်လုပ်မှုတိုးတက်နိုင်ရန်မလုပ်ဆောင်နိုင်ကြပေ။ စိုက်ပျိုးဧကများသော်လည်းအဘက်ဘက်မှပံ့ပိုးမှုအားနည်းသောကြောင့်တောင်သူများအနေဖြင့်သီးနှံထွက်နှုန်းမှာထွက်သင့်သည်ထက်နည်းနေသည်ကိုတွေ့ရသည်။ထိုအခြေအနေကိုသိသော်လည်းအကြွေးတင်ရှိမှုကိုကြောက်သောကြောင့်ရသလောက်ဖြင့်သာလုပ်ကိုင်နေကြရသည်။

(၂.၂.၂) မွေးမြူရေးလုပ်ငန်း

(၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉) **မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

မွေးမြူရေးနှင့် ငါးလုပ်ငန်း	အိမ်ထောင်စု	ကောင်ရေ	မှတ်ချက်/အခြေအနေ
မွေးမြူရေး			
ခိုင်းနွား	၁၃၂	၇၆၁	လယ်ယာလုပ်ကိုင်ရန်မွေးမြူခြင်း
နို့စားနွား	-	-	

မွေးမြူရေးနှင့် ငါးလုပ်ငန်း	အိမ်ထောင်စု	ကောင်ရေ	မှတ်ချက်/အခြေအနေ
မြင်း	-	-	
ကျွဲ	၃၇	၁၇၂	လယ်ယာလုပ်ကိုင်ရန်မွေးမြူခြင်း
မြည်း	-	-	
လား	-	-	
ဆိတ်	-	-	
သိုး	-	-	
ဝက်	၁၇၅	၇၄၂	တပိုင်တနိုင်စီးပွားရေးအဖြစ်မွေးမြူခြင်း
ကြက်	၁၄၅	၁၂၅၆	စားသုံးရန်အတွက်မွေးမြူခြင်း
ဘဲ	၄	၁၇	စမ်းသပ်မွေးမြူခြင်း
နွားနောက်	-	-	
အခြား	-	-	
ငါးလုပ်ငန်း			
ငါးကန်	-		
ပုဇွန်ကန်	-		
ဂဏန်းမွေးမြူရေးလုပ်ငန်း	-		
ရေချို ငါးဖမ်းလုပ်ငန်း	-		
ကမ်းလွန် ငါးဖမ်းလုပ်ငန်း	-		
အခြား	-	-	

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ မွေးမြူရေးကိုတွင်ကျယ်စွာလုပ်ကိုင်လိုကြသော်လည်းအရင်းအနှီးမရှိသောကြောင့်တပိုင်တနိုင်အဖြစ်သာမွေးမြူကြသည်။စားကျက်မြေရှားခြင်း၊ရောဂါဖြစ်ခြင်းတို့ကြောင့်ကျွဲ၊နွားမွေးမြူခြင်းမှာသိသာစွာကျဆင်းသွားသည်။အစာရှားပါးခြင်းကြောင့်ဝက်မွေးမြူခြင်းမှာလည်းလျော့နည်းလာသည်။ငါးကန်လုပ်ကိုင်ရန်နေရာရှိသော်လည်းအရင်းအနှီးနှင့်နည်းပညာမရှိကြပေ။

(၂.၂.၂.၂) မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) **မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်
မွေးမြူရေး	
စားကျက်မြေ	စားကျက်မြေရှားပါးခြင်းကြောင့်မွေးမြူသူနည်းပါးလာသည်။
ရေရရှိမှု	လုံလောက်ပါသည်
မျိုးတိရစ္ဆာန် လက်လှမ်းမီမှု	မရှိ

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်
ချေးငွေ	မွေးမြူရေးနှင့်ပါတ်သက်၍ချေးငွေမရရှိခြင်း
သွင်းအားစုဈေးကွက်	မရှိ
ဝန်ဆောင်မှုဈေးကွက်	မရှိ
ထုတ်ကုန်ရောင်းဝယ်မှု	အသင့်အတင့်ရှိ
အိမ်ခြံဝင်းအတွင်း မြေနေရာလုံလောက်မှု	မြေနေရာလုံလောက်မှုရှိ
အခြား	
ငါးလုပ်ငန်း	
ငါး/ပုဇွန်သားပေါက်လက်လှမ်းမီမှု	လက်လှမ်းမီမှုမရှိသေးပါ။
ချေးငွေ	မရှိပါ
သွင်းအားစု လက်လှမ်းမီမှု	မရှိပါ
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	မရှိပါ
ထုတ်ကုန်ရောင်းဝယ်မှု	-
အခြား	-

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မွေးမြူရေးလုပ်ကိုင်ရန်စိတ်ဝင်စားသူများပြားသော်လည်းနည်းပညာနှင့်အရင်းအနှီးမရှိခြင်းကြောင့်မွေးမြူသူနည်းပါးလာပါသည်။မွေးမြူရန်နေရာများရှိခြင်းရေဝင်ထွက်ကောင်းခြင်း၊စသည့်အခြေအနေကောင်းများရှိနေပါသည်။

(၂.၂.၂.၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

ပြဿနာနှင့်စိန်ခေါ်မှုများ	ဖော်ပြချက်/ရှင်းလင်းချက်
မွေးမြူရေး	
ချေးငွေရရှိနိုင်မှု	မရှိပါ
ကူးစက်ရောဂါဖြစ်ပွားမှု	ဖြစ်ပွားမှုနည်းပါး
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	နည်းပညာများပေးရန်လိုအပ်
စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ အတွက် လိုင်စင်/ လေလံ လက်လှမ်းမီမှု	မရှိ
အခြား	-
ငါးလုပ်ငန်း	

ပြဿနာနှင့်စိန်ခေါ်မှုများ	ဖော်ပြချက်/ရှင်းလင်းချက်
ငါးဖမ်းခွင့် ရရှိနိုင်မှု	တစ်ဦးတည်းပိုင်ငါးဖမ်းခွင့်ပေးခြင်း
ချေးငွေရရှိနိုင်မှု	မရှိ
အခြား	-

ရင်းမြစ် ... (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။ ။ ငွေကြေးမလုံလောက်ခြင်း၊ကူးစက်ရောဂါဖြစ်ပွားမှုများခြင်း၊နည်းပညာပိုင်းဆိုင်ရာအားနည်းခြင်းတို့ကြောင့်မွေးမြူသူနည်းပါးလာခဲ့သည်။ငါးဖမ်းခြင်းနှင့်ငါးဖမ်းခွင့်များတွင် ကျေးရွာပြည်သူများအနေဖြင့်ပြဿနာများကြုံတွေ့ကြရသည်။ငါးဖမ်းရန်နေရာများစွာရှိသော်လည်း တစ်ဦးတည်းလေလံယူထားသည်ဟုဆိုကာအခြားသူများဖမ်းခွင့်မရရှိပေ။သက်ဆိုင်ရာဌာနမှလေလံမရှိသောနှစ်များတွင်လည်းမတရားလက်နက်ကိုင်အဖွဲ့များနှင့်ပေါင်းကာလေလံယူထားသည်ဟုဆို၍အခြားသူများဖမ်းခွင့်မရကြပေ။သက်ဆိုင်ရာမှသတ်မှတ်ထားသောလေလံအင်းမှာ(၅)ခုသာရှိကြောင်းသိရသည် ။ သို့သော်လည်းအင်းလေလံယူသူမှာ အင်းတော်ချောင်းသို့ဝင်သောချောင်းပေါက်မြောင်းပေါက်နှင့်ကိုင်းတောများပါမကျန်အခွန်ဆောင်မှဖမ်းခွင့်ပေးပါသည်။ဒေသခံတောင်သူဆင်းရဲသားများအတွက်နေရာမရှိပေ။လေလံဆွဲသူအားငွေမပေးနိုင်ပါကအင်းတော်ချောင်းထဲတွင်ငါးမျှားရန်ပင်မလွယ်ပါ။သက်ဆိုင်ရာဌာနများမှလည်းမည်သည့်နေရာတွင်လေလံပေးထားသည်ကိုကြေငြာပေးခြင်းမရှိပါ။

(၂.၂.၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

(၂.၂.၃.၁)စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု)	လုပ်ငန်းအရေအတွက်	ဝန်ထမ်း / အလုပ်သမား အရေအတွက်	မိသားစုဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝ ရင်းမြစ်များ ထုတ်လုပ်ခြင်း	-	-	-	နိမ့်
၂	ထုတ်ကုန်လုပ်ငန်း	-	-	-	နိမ့်
၃	လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး	-			နိမ့်

စဉ်	**လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု)**	**လုပ်ငန်းအရေအတွက်**	**ဝန်ထမ်း / အလုပ်သမား အရေအတွက်**	**မိသားစုဝင် လုပ်အား**	**ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်**
၄	ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံလုပ်ငန်း	-	-		နိမ့်
၅	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး	-	-	-	နိမ့်
၆	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ)	-	-	-	နိမ့်
၇	လက်လီ-လက်ကားရောင်းဝယ်ရေး	-	-	-	နိမ့်
၈	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	-	-	-	နိမ့်
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး	-	-	-	နိမ့်
၁၀	ငွေချေး ဝန်ဆောင်မှုလုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)	-	-	-	နိမ့်
၁၁	အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်း ခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ	-	-	-	နိမ့်
၁၂	ပြည်သူဝန်ဆောင်မှုလုပ်ငန်း များ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် **ဘေးကင်းလုံခြုံရေး**)	-	-	-	နိမ့်
၁၃	ပညာရေး	-	-	-	နိမ့်
၁၄	ကျန်းမာရေး	-	-	-	လတ်
၁၅	လူမှုရေးလုပ်ငန်းများ	-	-	-	လတ်
၁၆	အိမ်များတွင်	-	-	-	လတ်

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု)	လုပ်ငန်းအရေအတွက်	ဝန်ထမ်း / အလုပ်သမား အရေအတွက်	မိသားစုဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
	အင်္ဂါးလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ				
၁၇	ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies. etc.,)	-	-	-	နိမ့်
	စုစုပေါင်းအသက်မွေးလုပ်ငန်း လုပ်ကိုင်သူဦးရေ	**-**	**-**	**-**	

ရင်းမြစ် ...(၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း** - **ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ စိုက်ပျိုးရေးမဟုတ်သောအခြားစီးပွားရေးလုပ်ကိုင်သူမှာနည်းပါးလှသည်။အလုပ်အကိုင်မရှိခြင်း၊စိုက်ပျိုးရေးလုပ်ငန်းတစ်ခုတည်းသာရှိ၍အခြားအလုပ်အကိုင်ရှားပါးလှသည်။စိုက်ပျိုးရေးလုပ်ငန်းတွင်အင်္ဂါးနေ့စားအလုပ်မှလွဲ၍အခြားအလုပ်အကိုင်မရှိပေ။ ပြင်ပအဖွဲ့အစည်း ကုမ္ပဏီများတွင် လုပ်ကိုင်လိုသူများရှိသော်လည်းအသိပညာ၊အတတ်ပညာနည်းပါးခြင်းတို့ကြောင့် လုပ်ကိုင်နိုင်ခြင်းမရှိကြပေ။

(၂.၂.၃.၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား (၂၃-က) **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်
ဒေသထုတ်ကုန်လုပ်ငန်း	လမ်းပမ်းဆက်သွယ်ရေးမကောင်းသဖြင့်အခွင့်အလမ်းမရှိခြင်း
ချေးငွေ	ရင်းနှီးမြုပ်နှံမှုငွေရှိပါကအလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်ခြင်း
စားသောက်ကုန်လက်လီလက်ကား	စားသုံးသူများပြား၍အရောင်းအဝယ်ကောင်းနိုင်သော်လည်းလမ်းပမ်းဆက်သွယ်ရေးခက်ခဲခြင်း၊ရင်းနှီးငွေမလုံလောက်ခြင်း
မိုဘိုင်းဖုန်းပြုပြင်ခြင်း	လုပ်ကိုင်လိုသူရှိသော်လည်းနည်းပညာမရှိခြင်း၊နည်းပညာကိုမြို့ပေါ်တက်၍သင်ယူရန်ခက်ခဲခြင်း
ဆံသလုပ်ငန်း	လုပ်ကိုင်လိုသူရှိသော်လည်းအတတ်ပညာမရှိခြင်း

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်ဒေသထွက်ကုန်များစွာရှိသော်လည်းလမ်းပမ်းဆက်သွယ်ရေးခက်ခဲခြင်းကြောင့်တွင်ကျယ်စွာမလုပ်နိုင်ပေ။သွင်းအားစုအနေဖြင့်ဝယ်ယူသုံးစွဲသူအများအပြားရှိသော်လည်းဈေးနှုန်းမြင့်မားခြင်းကြောင့်ထိရောက်စွာမသွင်းနိုင်ပဲသယ်ယူစရိတ်မြင့်မားလှသည်။အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးနိုင်သော်လည်းရင်းနှီးငွေမလုံလောက်ခြင်း၊အလုပ်အကိုင်ရှားပါးခြင်းပြဿနာနှင့်ရင်ဆိုင်နေရသောကြောင့်ကျပန်းအလုပ်သမားများအနေဖြင့်စိုက်ပျိုးရိတ်သိမ်းချိန်များ၌သာဝင်ငွေရလုပ်ငန်းများရှိနေပြီးကျန်အချိန်များတွင်အလုပ်လက်မဲ့ဖြစ်နေကြသည်။

ဇယား(၂၃-ခ) **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် **ပြဿနာနှင့် အခက်အခဲ**များ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ ရှင်းလင်းချက်
ဝင်ငွေရလုပ်ငန်းများမရှိခြင်း	အလုပ်အကိုင်ဖန်တီးပေးခြင်း၊ဝင်ငွေရလုပ်ငန်းများရှိပါကအဆင်ပြေ နိုင်ပါသည်။
စပါးစိုက်ပျိုးရိတ်သိမ်းချိန်မှလွဲ၍အခြားလုပ်ငန်းရှားပါးခြင်း	တစ်နှစ်ပတ်လုံးစပါးစိုက်ပျိုးရိတ်သိမ်းချိန်များတွင်သာဝင်ငွေရလုပ်ငန်းရှိ၍ကျန်အချိန်များတွင်အလုပ်အကိုင်မရှိခြင်း
အရင်းအနှီးမရှိ	ချေးငွေအလုံအလောက်မရရှိခြင်း

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ လမ်းပမ်းဆက်သွယ်ရေးခက်ခဲခြင်း၊ကုန်ထုတ်လမ်းမရှိခြင်းကြောင့်သဘာဝ အရင်းမြစ်နှင့်ထုတ်ကုန်များရှိသော်လည်းရင်းနှီးငွေအလုံးရင်းဖြင့်လာရောက်လုပ်ကိုင်သူအဝယ်ဒိုင်များမ ရှိခြင်းကြောင့်ဒေသခံကျပန်းအလုပ်သမားများအနေဖြင့်အလုပ်လက်မဲ့ပြဿနာနှင့်ရင်ဆိုင်နေရပြီးလူငယ် များအနေဖြင့်လည်းအလုပ်မရှိသောကြောင့်မူးယစ်ဆေးသုံးစွဲခြင်းဖြင့်အချိန်ကုန်နေသည်ကိုလေ့လာတွေ့ ရှိရပါသည်။

(၂.၃) ရွှေ့ပြောင်းလုပ်သားများ

(၂.၃.၁) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား (၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

#	ပုံစံ	အိမ်ထောင်စု အရေအတွက်	လူဦးရေ			ပြည်တွင်း			ပြည်ပ		
			ကျား	မ	ပေါင်း	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
၁	**ရွှေ့ပြောင်း**လုပ်သားတစ်ဦး အနည်းဆုံးရှိသော အိမ်ထောင်စု	၁၃	-	-	-	-	-	-	-	-	-
၂	**ရွှေ့ပြောင်း**လုပ်ကိုင်သောကျေးရွာရှိလူဦးရေ	-	၁၆	၄	၂၀	၁၆	၄	၂၀	-	-	-
၃	**ကျေးရွာပြင်ပသို့ ရွှေ့ပြောင်းမှုကာလ**										
	၃ လ အထိ		၄	၁	၅	၄	၁	၅			
	၆ လ အထိ		၃	၁	၄	၃	၁	၄			
	၁၂ လ အထိ		၁	-	၁	၁	-	၁			
	၁၂ လ အထက်		၈	၂	၁၀	၈	၂	၁၀			

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာပြင်ပသို့သွားရောက်လုပ်ကိုင်သူများမှာဝန်ထမ်းများသာအများစုဖြစ် ၍အခြားသွားရောက်လုပ်ကိုင်သူများပြန်ပို့ငွေကိုမျှော်မှန်း၍မရပါ။ မိသားစုဆီသို့ပြန်ပို့ငွေနည်းပါးလှသည် ကိုလေ့လာတွေ့ရှိရပါသည်။

(၂.၃.၂) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား (၂၅) **ရွှေ့ပြောင်းသွားလာ**ရခြင်း၏ အဓိက အကြောင်းရင်း

စဉ်	အကြောင်းအရာ	လူဦးရေ
၁	ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများ ရှာဖွေရန်	၂၀
၂	နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းရင်း	-
၃	ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် လုံခြုံမှု မရှိသည့် အကြောင်းရင်း	-
၄	အခြား	-

ရင်းမြစ် ... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်စိုက်ပျိုးရေးမှလွဲ၍အခြားအလုပ်အကိုင်ရှားပါးခြင်းကြောင့်အခြားပိုမိုကောင်းမွန်သောနေရာသို့သွားရောက်ရှာဖွေသူနည်းပါးလှသည်။ကျေးရွာရှိစိုက်ပျိုးရေးလုပ်ငန်းကိုသာစိတ်ဝင်စား၍အခြားနေရာသို့သွားရောက်သူနည်းပါးလှသည်။အတွေ့အကြုံ၊ဗဟုသုတနှင့်အသိပညာ၊အတတ်ပညာနည်းပါးခြင်း၊အကြောက်တရားကြီးစိုးခြင်းတို့ကြောင့်လည်းမသွားရဲသူများပြားလှသည်။ဒေသတွင်းပဋိပက္ခဆိုရာတွင်စစ်ပွဲများမရှိသော်လည်းမတရားလက်နက်ကိုင်အဖွဲ့အစည်းများနှင့်နီးကပ်နေသောကြောင့်ကျေးရွာရှိတောင်သူများမှာဆက်ကြေးပေးရခြင်း၊ခြိမ်းခြောက်ခံရခြင်း၊နယ်မြေသတ်မှတ်ခြင်း၊လွတ်လပ်စွာစိုက်ပျိုးခွင့်မရှိခြင်းများလည်းရှိနေဆဲပင်ဖြစ်ပါသည်။

(၂.၃.၃) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား (၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

စဉ်	အကြောင်းအရာ	အိမ်ထောင်စု အရေအတွက်				
		စုစုပေါင်း	% ကျေးရွာအတွင်းရှိ စုစုပေါင်းအိမ်ထောင်စု	မြင့်	လတ်	နိမ့်
၁	ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စု အရေအတွက်	၁၄				နိမ့်
၂	ပြန်ပို့ငွေ လမ်းကြောင်းများ					
	- ငွေလွှဲလုပ်ငန်း (ဟွန်ဒီ)	-		-	-	-
	- ဘဏ်	-		-	-	-
	- လူကြုံဖြင့်လွှဲပို့ခြင်း	-		-	-	-
	- ငွေလွှဲလုပ်ငန်းနှင့် ဘဏ်	-		-	-	-
	- ငွေလွှဲလုပ်ငန်း၊	ကိုယ်		-	-	-

စဉ်	အကြောင်းအရာ	အိမ်ထောင်စု အရေအတွက်				
		စုစု ပေါင်း	% ကျေးရွာ အတွင်းရှိ စုစုပေါင်း အိမ်ထောင်စု	မြင့်	လတ်	နိမ့်
	ဘဏ်နှင့်လူကြုံဖြင့်လွှဲပို့ခြင်း	တိုင်				

ရင်းမြစ် ... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ ပြန်ပို့ငွေကိုမှီခိုနေရသောမိသားစုဆီပြန်ပို့သောငွေမှာကိုယ်တိုင်ပြန်ပို့သည်ကများသည်။သွားရောက်လုပ်ကိုင်သည့်နေရာမှာနေ့ချင်းပြန်သွားလာ၍ရသောကြောင့် ကိုယ်တိုင်သာပြန်ပို့ကြသည်။

(၂.၄) ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်

ဇယား (၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး	အကြီးစားဈေးကွက်
ရွာမှအကွာအဝေး(မိုင်)	(၇)မိုင်ခန့်ဝေးသောညောင်ပင်ကျေးရွာဈေး	(၅၀)မိုင်ခန့်ကွာဝေးသောမိုးညှင်းဈေး
သယ်ယူပို့ဆောင်ရေး လမ်းကြောင်းနှင့် ၎င်း၏ အထောက်အပံ့များ	ကား၊စက်လှေ	ကတ္တရာလမ်း/မြေသားလမ်း
ကုန်စည်အမျိုးအစားနှင့် ဝန်ဆောင်မှုပေးနိုင်မှု	စပါး၊ကြိုတင်ပေးငွေ	စပါး၊ကြိုတင်ပေးငွေ
ဈေးအခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှု		

ရင်းမြစ် ... **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဈေးမရှိပါ။ လမ်းပမ်းဆက်သွယ်ရေးခက်ခဲခြင်းကြောင့်လည်းဈေးကွက်လက်လှမ်းမီမှုဝေးကွာလှပါသည်။ အနီးဆုံးဈေးညောင်ပင်သို့သွားလျင်ပင်ခရီးစရိတ်အနည်းဆုံး(၆၀၀၀)ခန့်ကုန်ကျသည်။အကြီးစားဈေးကွက်မိုးညှင်းထိသွားလျင်(၁၀၀၀၀)ကျပ်ခန့်ကုန်ကျသည်။သယ်ယူစရိတ်မြင့်မားသောကြောင့်ကုန်ဈေးနှုန်းမှာအမြဲမြင့်နေပါသည်။ဝယ်ယူစားသုံးရာတွင်ဈေးနှုန်းမြင့်မားပြီးဒေသထွက်ကုန်များရောင်းချရာတွင်ဈေးနှုန်းနည်းပါးလှပါသည်။

(၂.၅) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ချေးငွေရရှိနိုင်သည့် နေရာ	ငွေကြေးဝန်ဆောင်မှု အမျိုးအစား	ပြန်လည်ပေးဆပ်ရမည့် ကာလ	အတိုးနှုန်း (လ)	အပေါင်ခံပစ္စည်း လိုအပ်မှု	ချေးငွေရရန် အခက်အခဲများ
အစိုးရဘဏ် (စိုက်ပျိုးရေးဘဏ်၊ သ မချေးငွေ)	ချေးငွေ	စပါးပေါ်ခြိုန်	၇ %	ပုံစံ ၇	အချိန်မီမရရှိခြင်း
ပုဂ္ဂလိကဘဏ်	-	-	-	-	
ပုဂ္ဂလိက အသေးစားချေးငွေဝန်ဆောင်မှုကဏ္ဍ	-	-	-	-	-
အဖွဲ့အလိုက်ငွေစု/ငွေချေးအစီအစဉ်	-	-	-	-	-
ငွေချေးပေးသူ	စပါးပေး	စပါးပေါ်ခြိုန်	-	-	-
အပေါင်ဆိုင်	-	-	-	-	-
မိတ်ဆွေနှင့်ဆွေမျိုးများ	စပါးပေး	ရိတ်သိမ်းပြီးခြိုန်	တင်းတိုး	လယ်မြေ	စိုက်ကေနည်းလျင်ချေးငွေရရှိရန်ခက်
အခြား	-	-	-	-	-

ရင်းမြစ် ... (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊** (၂) **သက်ဆိုင်ရာ ငွေကြေးဝန်ဆောင်မှုပေးသောအဖွဲ့များ။**

လေ့လာတွေ့ရှိချက်။ ။ စိုက်ပျိုးရေးဘဏ်ကသာစိုက်ပျိုးစရိတ်ချေးငွေရရှိပြီးအခြားမည်သည့်ဘဏ်မျှမရှိပါ။ဒေသဓလေ့အရစပါး ပေးခေါ်စပါးတင်းတိုးပေးခြင်းသာရှိ၍ဒေသခံပြည်သူများအနေဖြင့်ခက်ခဲစွာချေးယူခြင်းကိစ္စကိုဖြေရှင်းရသည်။ချေးယူငွေများကိုအတိုးနှုန်းမြင့်မားစွာဖြင့်ပြန်လည်ပေးဆပ်နေရသောကြောင့်တောင်သူများအနေဖြင့်စားဝတ်နေရေးအတွက်ခက်ခဲစွာဖြေရှင်းနေကြရသည်။

(၂.၆) ပတ်ဝန်းကျင်နှင့် သဘာဝ ရင်းမြစ်များ စီမံခန့်ခွဲမှု

(၂.၆.၁) ပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

ဇယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက်လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

အခက်အခဲ	အန္တရာယ်ရှိမှု (မြင့်/လတ်/နိမ့်)	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီဩဇာ အခြေအနေ	**မြင့်**	မြေဩဇာသုံးစွဲမှုများပြားခြင်း
အပင်မျိုးစိတ်များ	နိမ့်	မျိုးကောင်းမျိုးသန့်ရရှိနိုင်မှုနည်းပါးခြင်း
ဖျက်ပိုးနှင့်ရောဂါကာကွယ်ထိန်းချုပ်မှု	နိမ့်	မည်သည့်ပိုးသတ်ဆေးသုံးစွဲရမည်ကိုမသိခြင်း၊နည်းပညာနည်းပါးခြင်း
ရေရင်းမြစ်	လတ်	ရေစီးရေမြောင်းတိကျမရှိခြင်း၊သစ်ပင်ခုတ်ထွင်မှုများပြားခြင်း
ငါးမျိုးကွဲများ	**မြင့်**	ငါးအင်းလေလံရသူတို့မှဆေးခတ်ခြင်း၊ကျင်စက်တို့ခြင်း၊
အခြားတိရစ္ဆာန်မျိုးကွဲများ	နိမ့်	
စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု	မြင့်	စွန့်ပစ်ပစ္စည်းများစနစ်တကျမစွန့်ပစ်ခြင်း

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်နည်းပညာနှင့်ပညာပေးဟောပြောပွဲများမရှိခြင်းကြောင့်စနစ်တကျထိန်းသိမ်းလုပ်ကိုင်နိုင်ခြင်းမရှိဘဲပတ်ဝန်းကျင်နှင့်သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲမှုအခြေအနေမှာပျက်စီးယိုယွင်းမှုများပြားလာပါသည်။စနစ်တကျစီမံခန့်ခွဲအသုံးပြုနိုင်ရန်သက်ဆိုင်ရာဌာနများမှလည်းနည်းပညာနှင့်ပညာပေးဟောပြောပွဲများပြုလုပ်ပေးပါကအကောင်းဆုံးအခြေအနေဖြစ်ပါသည်။

(၂.၇) ပညာရေး

(၂.၇.၁) ပညာရေးနှင့် စာတတ်မြောက်မှု

ဇယား (၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

အတန်းပညာပြီးမြောက်မှု	ကျား	မ	ပေါင်း	၉ နှစ်နှင့်အထက် လူဦးရေ၏%
စာမတတ်သူဦးရေ	၁၁	၄၄	၅၅	၆

အတန်းပညာပြီးမြောက်မှု	ကျား	မ	ပေါင်း	၉ နှစ်နှင့်အထက် လူဦးရေ၏%
ဘုန်းကြီးကျောင်းသင်ပညာရေး	၄၁	၅	၄၆	၅
မူလတန်းပညာရေး မပြီးဆုံးသူဦးရေ	၁၅၁	၁၄၉	၂၉၇	၃၁
မူလတန်းပညာရေး ပြီးဆုံးသူဦးရေ	၂၄၅	၂၁၈	၄၆၃	၄၈
အလယ်တန်းပညာရေး ပြီးဆုံးသူဦးရေ	၂၂	၅၈	၈၀	၈
အထက်တန်းပညာရေး ပြီးဆုံးသူဦးရေ	၃	၈	၁၁	၁
တက္ကသိုလ်ပညာ ပြီးဆုံးသူဦးရေ	၂	၇	၉	၁
၉ နှစ်နှင့်အထက် လူဦးရေပေါင်း	၄၇၅	၄၈၆	၉၆၁	**၁၀၀%**

ရင်းမြစ် ...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်ပညာရေးအားပေးသူနည်းပါးသည်။ပညာတတ်ဘွဲ့ရပြီးအလုပ်အကိုင်မရရှိခြင်း၊မူးယစ်ဆေးကြောင့်ပညာရေးဆုံးခန်းမတိုင်ခြင်းတို့ကြောင့်ပညာသင်ကြားရန်ဆန္ဒမရှိကြပေ။ ကျောင်းသွားသည်ဟုအကြောင်းပြကာမူးယစ်ဆေးစွဲသည့်လူငယ်များအများအပြားတွေ့ရှိနေရသောကြောင့်ပညာရေးအားပေးမှုနည်းပါးသည်။ စိုက်ပျိုးရေးမှလွဲ၍အခြားလုပ်ကန်းမရရှိသောကြောင့်အခြားဘွဲ့ရများလည်းအလုပ်မရရှိသည်ကိုသက်သေပြ၍မိဘအတော်များများမှာမူလတန်းအဆင့်တွင်သာကျောင်းထုတ်၍အလုပ်ကူခိုင်းခဲ့သည်ကများသည်။အချို့မိသားစုများတွင်လည်းတောင်သူလုပ်ငန်းလုပ်ကိုင်နေရသောကြောင့်ကျေးရွာအိမ်တွင်နေသူနည်း၍လယ်ထဲတွင်သာအချိန်ကုန်နေကြသဖြင့်သားသမီးများကိုအိမ်တွင်ပြုစုပေးသူမရှိ၍ပညာမသင်ခိုင်းသူများလည်းအများအပြားရှိပေသည်။ကုန်ထုတ်လမ်းမကောင်းသောကြောင့်နေ့ချင်းသွားရောက်လုပ်ကိုင်၍ရသော်လည်းလယ်တဲသို့ဝင်၍လုပ်ကိုင်နေရသည်ကများသည်။အထက်တန်းကျောင်းသို့နေ့ချင်းဖြင့်သွားရောက်နိုင်ပါကကျေးရွာရှိပညာသင်အရွယ်အများစုမှာပညာသင်ခွင့်ရရှိကြမည်ဖြစ်ကြောင်းလေ့လာတွေ့ရှိရပါသည်။

(၂.၇.၂) ကျောင်းတက်နှုန်း

ဇယား (၃၁) ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း	စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏
မူလတန်း(၅-၉နှစ်)	၈၇	၇၁	၁၅၈	၅၈
အလယ်တန်း (၁၀-၁၄နှစ်)	၄၃	၄၆	၈၉	၃၂
အထက်တန်း (၁၅-၁၆ နှစ်ကြား)	၂	၁၄	၁၆	၆
တက္ကသိုလ် ကျောင်းသား၊ သူ	၃	၈	၁၁	၄

ရင်းမြစ် ... (၁) **ကျောင်းဝင်စာရင်း၊** (၂) **ဆယ်အိမ်မှူးများ။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိလူဦးရေနှင့်စာလျှင်ကျောင်းသားဦးရေမှာနည်းပါးလှသည်။မူလတန်းအဆင့်တွင်သာများပြား၍အလယ်တန်း၊အထက်တန်းများသို့ရောက်ရှိသူနည်းပါးလှသည်မိဘများကစိတ်မချ၍တကြောင်း၊အဆင်မပြေ၍ကျောင်းမထားနိုင်ခြင်းကတကြောင်း၊အထက်တန်းကျောင်းတွင်လည်းဆရာမအင်အားမလုံလောက်၍အောင်ချက်မကောင်းခြင်းကြောင့်အခြားနေရာသို့ပြောင်းရွှေ့ထားရန်ငွေကြေးမတတ်နိုင်ခြင်းတို့ကြောင့်ပညာသင်ခွင့်ဆုံးရှုံးရသူများပြားလှသည်။

(၂.၇.၃) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

အကြောင်းအရာ	**မူလတန်းကျောင်း**					
ရွာမှအကွာအဝေး(မိုင်)	ရွာတွင်းတွင်ရှိသည်။			ကျေးရွာမှ(၂)မိုင်အကွာတွင်အထက်တန်းကျောင်းရှိသည်။		
သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	ခြေလျင်					
စာသင်ကျောင်းအရွယ်အစား (အလျား၊ အနံ၊အမြင့်)	(၁၈၀× ၂၄× ၁၂)' (၁)ထပ်					
အမိုး၊နံရံ၊အခင်း အရည်အသွေး	သွပ်၊အုတ်နှင့်ကွန်ကရစ်(ကောင်း)					
ကျောင်းသုံးပရိဘောဂ(လုံလောက်မှုရှိ/မရှိ) နှင့် ကျောင်းအိမ်သာအခြေအနေ	ကျောင်းသုံးပရိဘောဂလုံလောက်မှုမရှိ၊ ကျောင်းအိမ်သာမှာအုတ်(၂)လုံး၊ပျဉ်(၂) လုံးလုံလောက်မှုမရှိ					
ကျောင်းအာဟာရတိုက်ကျွေးမှု (အာဟာရအမျိုးအစားနှင့် ကြိမ်ရေ)	အဟာရကျွေးခြင်းများရှိ (တစ်လနှစ်ကြိမ်)					
ကျောင်းဆရာဦးရေ	**ကျား**	**မ**	**ပေါင်း**	**ကျား**	**မ**	**ပေါင်း**
အစိုးရခန့်	-	၃	၃			
ကျေးရွာခန့်	-	-	-			

ရင်းမြစ် ... (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊** (၂) **မိဘဆရာအသင်း။**

လေ့လာတွေ့ရှိချက်။ ။ မူလတန်းကျောင်းသည်ကျေးရွာအတွင်းတည်ရှိပြီးအထက်တန်းကျောင်းမှာကျေးရွာမှ(၂)မိုင်အကွာအုပ်စုကျေးရွာတွင်တည်ရှိ၍မိုးတွင်းကာလတွင်သွားလာရန်ခက်ခဲကြသည်။ကျေးရွာ၏မူလတန်းကျောင်းမှာလည်းအဆောင်(၁)ခုသာရှိသောကြောင့်ကျောင်းသားဦးရေနှင့်မျှတမှုမရှိပဲစာသင်ချိန်အခက်အခဲများရှိပါသည်။ဆရာ/ဆရာမအင်အားမှာလည်းလုံလောက်မှုမရှိသဖြင့်ကျေးရွာအနေ

ဖြင့်ငှားရမ်း၍ခန့်အပ်လိုသော်လည်းကျေးရွာလူနည်းစုအချို့၏ကန့်ကွက်မှုကြောင့်မငှားရမ်းဖြစ်ပေ။ ကျောင်းဆောင်မှာလည်းကိုယ်ထူကိုယ်ထဆောက်လုပ်ထားခြင်းသာဖြစ်သည်။ ကျောင်းဆောင်လိုအပ်ချက်တင်ပြတောင်းခံသော်လည်းမရရှိသေးပေ။ကျောင်းတွင်းအိမ်သာမှာလည်းအုတ်ဖြင့်တည်ဆောက်ထားသည့်ယင်လုံအိမ်သာမှာ(၂)လုံးသာရှိ၍လုံလောက်မှုမရှိပေ။

(၂.၇.၄) ပညာရေးအခက်အခဲနှင့်ပြဿနာများ

ဇယား (၃၃) **ပညာရေး** အခက်အခဲနှင့် ပြဿနာများ

အခက်အခဲ/ ပြဿနာ	ရှင်းလင်းချက်
ကျောင်းဆရာ/မ ဦးရေ	ကျောင်းသားဦးရေများပြားလာခြင်းကြောင့်ဆရာများမလုံလောက်
တပည့် - ဆရာ အချိုး	၅၃:၃၃
မူလတန်းပညာ ကျောင်းထွက်နှုန်း	၁၀၀%
မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ်	မရှိ
ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ	ပြည့်စုံမှုရှိ(ကျောင်းဖွင့်ချိန်တွင်အခမဲ့ဖြန့်ဝေ)
ဆင်းရဲသောမိသားစုများအတွက် ကျောင်းစရိတ်မတတ်နိုင်မှု	ကျောင်းစရိတ်မတတ်နိုင်သူရှိ၍တင်ပြတောင်းခံသော်လည်းမရရှိပေ။
ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများ လက်လှမ်းမီမှု	ကျောင်းတွင်အားကစားကွင်းရှိသော်လည်းအားကစားပစ္စည်းမရှိပါ
မိဘဆရာအသင်း၏အခန်းကဏ္ဍ	ကူညီပံ့ပိုးမှုအားနည်း

ရင်းမြစ် ... (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊** (၂) **မိဘဆရာအသင်း။**

လေ့လာတွေ့ရှိချက်။ ။ ကျောင်းသားဦးရေများပြားသောကြောင့်ဆရာအင်အားမလုံလောက်သောကြောင့်သင်ကြားရေးဆိုင်ရာအခက်အခဲများစွာရှိပါသည်။ ကျောင်းဆောင်စာသင်ခန်းမှာလည်းကျောင်းသားဦးရေနှင့်မမျှသောကြောင့်သင်ကြားရေးတွင်အခက်အခဲများစွာရှိပါသည်။ကျေးရွာရှိလူအချို့မှာလည်းနားလည်မှုလွဲမှားနေသဖြင့်ကျောင်းဖွံ့ဖြိုးရေးလုပ်ဆောင်ရန်အခက်အခဲများစွာရှိနေပါသည်။မိဘဆရာအသင်းများကလည်းကျေးရွာလူထုမညီညွတ်မှုကြောင့်ထိရောက်စွာမကူညီနိုင်ကြပေ။ကျေးရွာလူထုအချို့မှာမည်သည့်နေရာမဆိုအပြုသဘောမဆောင်ပဲအဖျက်သဘောဆောင်နေသဖြင့် အခက်အခဲများစွာရှိနေပါသည်။

(၂.၈) ကျန်းမာရေးနှင့်အာဟာရ

(၂.၈.၁) အဖြစ်များသောရောဂါများ

ဇယား (၃၄) **အဖြစ်များသော** ရောဂါများ

#	ရောဂါ	ပျံ့နှံ့မှု/ဖြစ်ပွားမှု			မှတ်ချက် / သုံးသပ်ချက်
		မြင့်	နိမ့်	မရှိ	
၁	ဝမ်းပျက်ဝမ်းလျှောခြင်း		√		မိုးတွင်းနှင့်ရာသီဥတုဖောက်ပြန်သောအချိန်များနှင့်မသန့်ရှင်းသောလက်ဖြင့်အစာစားခြင်း
၂	သွေးလွန်တုပ်ကွေး		√		မိုးရာသီကာလကလေးငယ်များတွင်ဖြစ်ပွားတတ်
၃	ငှက်ဖျား	√			ဆင်းရဲသောမိသားစုများတွင်ပိုမိုဖြစ်ပွားတတ်၊ခြင်ထောင်မထောင်ပဲအိပ်ခြင်း
၄	အသက်ရှူလမ်းကြောင်းကူးစက်ရောဂါ			√	မတွေ့ရှိရသလောက်ရှားပါးသည်
၅	HIV, AIDS, လိင်မှတဆင့်ကူးစက်နိုင်သောရောဂါများ		√		တစ်ရွာလုံးတွင်လူနည်းစုသာရှိသည်။
၆	တီဘီ		√		အနည်းစုသာ
၇	ဆီးချို		√		လူကြီးများတွင်သာအဖြစ်များ
၈	သွေးတိုး	√			လူကြီးများတွင်ဖြစ်ပွားတတ်၊လူငယ်အချို့တွင်လည်းဖြစ်တတ်
၉	အသည်းရောဂါ (ဘီ၊ စီ)		√		အနည်းငယ်
၁၀	အာဟာရချို့တဲ့မှု			√	ဆင်းရဲသောမိသားစုများတွင်ဖြစ်တတ်သည်။
၁၁	အခြား ကူးစက်နိုင်သောရောဂါများ	√			

ရင်းမြစ် ... (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု** (၂) **ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ဆီးချို၊သွေးတိုး၊ငှက်ဖျား၊တီဘီအဖြစ်များကြသည်။ဆီးချိုသွေးတိုးဖြစ်သူအများအပြားမှာသက်ကြီးဘိုးဘွားများမှစတင်ဖြစ်ပွားခဲ့ကြသည်ကများသည်။မျိုးရိုးလိုက်၍လည်းဖြစ်ပွားလေ့ရှိကြသည်။မူးယစ်ဆေးသုံးစွဲသူများပြားသောကြောင့်မူးယစ်ဆေးမှကူးစက်ရောဂါဖြစ်ပွားမှုမှာအမြဲတိုးပွားလျက်ရှိကြသည်။ဘီပိုး၊စီပိုးများမှာလည်းရောဂါကာကွယ်ဆေးမထိုးခဲ့ရသောသက်လတ်ပိုင်းနှင့်သက်ကြီးပိုင်းများတွင်အဖြစ်များသည်။

(၂.၈.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှုန်းမှု

ဇယား (၃၅) **လွန်ခဲ့သော** (၁၂) **လအတွင်း ကာကွယ်ဆေးထိုးနှုန်းမှုနှင့် အာဟာရဆန်းစစ်မှု**

စဉ်	**ကာကွယ်ဆေးထိုးခြင်း၊ အာဟာရ**	*ရှိ*	*မရှိ*	*မှတ်ချက် / သုံးသပ်ချက်*
၁	အဆုတ်ရောဂါ	√		၄၅ ရက်လျင်(၁)ကြိမ်ထိုးနှံပေးသည်။
၂	ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ	√		ကလေး(၂)လ၊(၄)လ၊(၆)လအရွယ်များကိုထိုးနှံပေးသည်။ (၃)ကြိမ်ထိုးနှံပေးသည်။
၃	ပိုလီယိုရောဂါ	√		ကျေးရွာအရောက် ကျန်းမာရေး ဌာနမှ လာရောက်ကုသ ကာကွယ်ဆေးထိုးပေးသည်။
၄	မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း)	√		ကိုယ်ဝန်ဆောင်နေစဉ်(၂)ကြိမ်ထိုးပေးသည်
၅	ဝက်သက်ရောဂါ	√		ကျန်းမာရေးဌာနမှ အခမဲ့ကုသသည်။
၆	အခြား စုပေါင်း**ကာကွယ်ဆေးထိုးနှံမှု**	√		ကျန်းမာရေးဌာနမှ အခမဲ့ကုသသည်။
၇	အာဟာရမှတ်တမ်းယူမှု(အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်)	√		ကျန်းမာရေးဌာနမှ အခမဲ့ကုသသည်။
၈	အာဟာရပညာပေးအစီအစဉ်	√		တစ်လတစ်ကြိမ်ပုံမှန်အဟာရတိုက်ကျွေးပေးသည်။

ရင်းမြစ် ... (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း** - **ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊** (၂) **ကျေးလက်ကျန်းမာ** ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးလက်ကျန်းမာရေးဌာနများမှ ကာကွယ်ဆေးထိုးခြင်းကိုပုံမှန်လာရောက်ပေးသည်ကိုတွေ့ရသည်။စုပေါင်းကာကွယ်ဆေးထိုးနှံမှု၊ကျန်းမာရေးစစ်ဆေးခြင်းများလည်းပြုလုပ်ပေးသည်ကိုတွေ့ရသည်။အဟာရ၊အရပ်အမြင့်၊အလေးချိန်၊လက်မောင်းပတ်ပညာပေးအစီအစဉ်များကိုလည်းအမြဲအချိန်ခွဲ၍ပြုလုပ်ပေးခြင်း၊မှတ်တမ်းယူခြင်းတို့ပြုလုပ်ပေးပါသည်။ကျွန်ုပ်တို့ကျေးရွာတွင်ကျေးလက်ကျန်းမာရေးဆေးခန်းမရှိသော်လည်းကျန်းမာရေးဆရာမရှိပါသည်။ကျန်းမာရေးဆေးပေးခန်းမဆောက်လုပ်နိုင်သေးပါ။

(၂.၈.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာ အဝေး (မိုင်)	အခန်း/ ကုတင် (လုံလောက် မှုရှိ /မရှိ)	ကျန်းမာရေး ဝန်ထမ်းဦးရေ	ဆေးနှင့်ပတ်သက်သော အသုံးအဆောင် ပစ္စည်းများ (လုံလောက်မှု/ မလုံလောက်မှု)	မှတ်ချက်
ကျေးလက် ကျန်းမာရေး ဌာန		အဆောက် အဦမရှိ	ကျန်းမာရေးမှူး- သားဖွားဆရာမ - ၁ အရံသားဖွားဆရာမ- ကြီးကြပ် (၁) – ကြီးကြပ် (၂) – ၁ တိုင်းရင်းဆေးကု- အရပ်လက်သည်- ရှိ	မလုံလောက်		
တိုက်နယ် ဆေးရုံ	(၂) မိုင်	မလုံ လောက်	ဆရာဝန် - လ/ထ - ၁ ကျန်းမာရေးမှူး- သူနာပြု - ၁ သားဖွားဆရာမ - အရံသားဖွားဆရာမ- ဓာတ်ခွဲကျွမ်းကျင်- ၁			
ကျေးလက် ကျန်းမာရေး ဌာနခွဲ			ကျန်းမာရေးမှူး- သူနာပြု - သားဖွားဆရာမ - အရံသားဖွားဆရာမ- ဓာတ်ခွဲကျွမ်းကျင်-			
မြို့နယ် ဆေးရုံ	၅၀မိုင်ခန့်	ရှိ	ဆရာဝန် - ရှိ လ/ထ - ကျန်းမာရေးမှူး- ရှိ			

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာ အဝေး (မိုင်)	အခန်း/ ကုတင် (လုံလောက် မှုရှိ /မရှိ)	ကျန်းမာရေး ဝန်ထမ်းဦးရေ	ဆေးနှင့်ပတ်သက်သော အသုံးအဆောင် ပစ္စည်းများ (လုံလောက်မှု/ မလုံလောက်မှု)	မှတ်ချက်
			သူနာပြု - ရှိ သားဖွားဆရာမ - ရှိ အရံသားဖွားဆရာမ-ရှိ ဓာတ်ခွဲကျွမ်းကျင်-ရှိ		
ဆေးဆိုင်			ဆေးဝါးကျွမ်းကျင်သူ - (၃)ဦး	လက်လှမ်းမှီမှု-- နိမ့် ဆေးဝါး-- နိမ့် သိုလှောင်ပုံစနစ်-- နိမ့် အအေးခန်းစနစ်-- နိမ့်	

ရင်းမြစ် ... (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊** (၂) **ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

လေ့လာတွေ့ရှိချက်။ ။ တိုက်နယ်ဆေးရုံနီးကပ်စွာရှိသော်လည်းဆရာ/ဆရာမ မလုံလောက်ခြင်း၊ ဆေးဝါးပြည့်စုံစွာလုံလောက်မှုမရှိခြင်း၊ဓာတ်ခွဲခန်းမရှိခြင်း၊ဆရာမရှိခြင်းတို့ကြောင့်အခက်အခဲများရင်ဆိုင်ကြုံတွေ့ရသည်။ကျန်းမာရေးဆိုင်းဝါးပါကဆေးဝါးမပြည့်စုံခြင်းကြောင့်မိုင်(၅၀)ကွာဝေးသောမိုးညှင်းမြို့ ဆေးရုံသို့ အခက်အခဲကြားမှ သွားရောက်ကုသကြရပါသည်။

(၂.၉) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(၂.၉.၁) သောက်သုံးရေရရှိမှု

ဇယား (၃၇) သောက်သုံးရေရရှိနိုင်မှု

ရေရရှိနိုင်မှု	အရေ အတွက်	အကောင်း/ အဆိုး	လက်ရှိ/လုံလောက်မှု			အခြား
			နွေ	မိုး	ဆောင်း	
ရေတွင်း	၁၅	ကောင်း	မလုံလောက်	√	√	
အဝိစိတွင်း (စက်တပ်)	၂	ကောင်း	မလုံလောက်	မလုံလောက်	မလုံလောက်	

ရေရရှိနိုင်မှု	အရေအတွက်	အကောင်း/အဆိုး	လက်ရှိ/လုံလောက်မှု			အခြား
			နွေ	မိုး	ဆောင်း	
အဝီစိတွင်း/တုံကင်	၂၃	မကောင်း	မလုံလောက်	မလုံလောက်	မလုံလောက်	
ကန်	-					
မြစ်/ချောင်း						
မိုးရေသိုလှောင်ကန်	-					
စိမ့်စမ်းရေသွယ်တန်းခြင်း	၁	ပျက်စီး				
အခြား	-					

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊** (၃) **ကျေးရွာသယံဇာတပြမြေပုံ။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်မိုးရာသီနှင့်ဆောင်းရာသီများတွင်ရေလုံလောက်မှုရှိသော်လည်း နွေရာသီတွင်ရေရရှိမှုနည်းပါးလှသည်။ရာသီချိန်တွင်သောက်သုံးရေရှားပါးမှုပြဿနာနှင့်ကြုံရပါသည်။ထို့ကြောင့်သက်ဆိုင်ရာဌာနဆိုင်ရာကိုတင်ပြတောင်းခံရာမှစိမ့်စမ်းရေလုပ်ငန်းဆောင်ရွက်ပေးခဲ့သော် လည်း ရေရှည်အသုံးမပြုလိုက်ရပဲသဘာဝဘေးအန္တရာယ်ကြောင့်ပျက်စီးသွားပါသည်။ပြန်ပြုပြင်၍အသုံး ပြုလိုသော်လည်းပျက်စီးသွားသောပစ္စည်းများအတွက်ပြန်လည်ဝယ်ယူနိုင်ရန်အင်အားမရှိပါ။ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့တင်ပြတောင်းခံထားပါသည်။

(၂.၉.၂)သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)

ဇယား (၃၈) အိမ်သာ အမျိုးအစား

သုံးစွဲနိုင်သောအိမ်သာအမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု	ရှင်းလင်းချက်
ယင်လုံအိမ်သာ	၁၇၉	ပညာပေးဟောပြောပွဲများတက်ရောက်၍တတ်နိုင်သူများသာလိုက်နာသုံးစွဲ
ကျင်းအိမ်သာ	၇	ဟောပြောပွဲလည်းမတက်ရောက်၊ဆောက်လုပ်ရန်မတတ်နိုင်သူများ
မြေပေါ် အိမ်သာ	၁၂	ငွေကြေးမတတ်နိုင်သူများ
တောထိုင်		
စုစုပေါင်း	၁၉၈	

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊** (၃) **ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်ကျေးလက်ကျန်းမာရေးဌာနမှ အမြဲစစ်ဆေးဟောပြောနေသော်လည်းအကြောင်းအမျိုးမျိုးကြောင့်မဆောက်နိုင်သူများရှိသည်။ အချို့လည်းငွေကြေးမတတ်နိုင်သောကြောင့်ဆောက်လုပ်အသုံးပြုနိုင်ခြင်းမရှိကြပါ။သို့သော်ကျင်းဖုံးများကိုသေချာသပ်ယပ်စွာပြုလုပ်ထားကြသည်ကိုလေ့လာတွေ့ရှိရပါသည်။

(၂.၁၀) ကျား-မ ကိစ္စရပ်ဆိုင်ရာ

ဇယား (၃၉) ကျား-မ ကိစ္စရပ်ဆိုင်ရာ

#	*ကျား-မ ကိစ္စရပ်ဆိုင်ရာ*	*ရှိ*	*မရှိ*	*မှတ်ချက် / သုံးသပ်ချက်*
၁	ကျေးရွာ စီမံခန့်ခွဲမှုစနစ်တွင် အမျိုးသမီးတက်ကြွစွာ ပါဝင်မှု/ ခေါင်းဆောင်မှု	√		အမျိုးသမီးရေးရာ၊မိခင်နှင့်ကလေး
၂	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု	√		ဘာသာရေးပွဲများ၊ပညာရေးနှင့်ပါတ်သက်သည့်ပွဲများ၊အဟာရတိုက်ကျွေးခြင်း၊လူမှုရေးပွဲများ
၃	**လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ**		√	
၄	**အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှု**	√		ကျေးရွာတွင်အမျိုးသမီးရေးရာအကြမ်းဖက်မှု၊အသိပညာပေးဟောပြောပွဲများကိုအမျိုးသမီးရေးရာအဖွဲ့မှပြုလုပ်ပေးသည်။
၅	**အခြား** (ရှိလျှင်)			

ရင်းမြစ်... (၁) **အဖွဲ့အစည်းများစာရင်း၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။**

လေ့လာတွေ့ရှိချက်။ ကျေးရွာရှိအမျိုးသမီးများမှာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်တက်ကြွစွာပါဝင်ကြသည်ကိုတွေ့ရှိရသည်။ဖွံ့ဖြိုးရေးပြုလုပ်ရန်နေရာတော်တော်များများတွင်အမျိုးသမီးများစွာပါဝင်သည်ကိုတွေ့ရှိရပါသည်။ဘာသာရေးနှင့်ပါတ်သက်၍သော်လည်းကောင်းကျန်းမာရေးနှင့်ပါတ်သက်၍သော်လည်း

ကောင်း၊အမျိုးသမီးများတက်ကြွစွာပါဝင်ကြသည်ကိုလေ့လာတွေ့ရှိရပါသည်။လွန်ခဲ့သောနှစ်များအတွင်း ကျေးရွာတွင်အမျိုးသမီးများအားအကြမ်းဖက်မှုအတွက် တိုင်ကြားခြင်းများမရှိပေ။

(၂.၁၁) အခြေခံ အဆောက်အဦများ အခြေအနေ

(၂.၁၁.၁) ကျေးရွာ၏ လမ်းတည်ရှိမှု

ဇယား (၄၀) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

လမ်း အမျိုးအစား	အမျိုးအစား (၁/၂/၃)	ကောင်း/ဆိုး	တည်ဆောက်ခဲ့သောနှစ်	ရာသီအလိုက် သုံးစွဲနိုင်မှု		လမ်းအရှည် (မိုင်)
				ပွင့်လင်းရာသီ	တစ်နှစ်ပတ်လုံး	
ရွာတွင်းလမ်း	၁	ဆိုး		√		၃ မိုင်
ချဉ်းကပ်လမ်း	၁	ဆိုး		√		
ရွာချင်းဆက်လမ်း	၁	ဆိုး	၂၀၁၄	√		၁ မိုင်
အခြား						

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကတ္တရာလမ်း/ကွန်ကရစ်လမ်း - ၃

လေ့လာတွေ့ရှိ။ကျေးရွာတွင်းလမ်းမှာမြေသားလမ်းဖြစ်ပြီးမိုးတွင်းကာလတွင်သွားလာရန်ခက်ခဲပါသည်။ ကျေးရွာတွင်းလမ်းမကြီးစုစုပေါင်းလမ်းအရှည်မှာ(၃)မိုင်ရှိပါသည်။မပြင်ကျေးရွာနှင့်ဆက်သွယ်ထားကျေးရွာချင်းဆက်လမ်းမှာမြေသားလမ်းဖြစ်ပြီး ၂၀၁၄ ခုနှစ်တွင်ကိုယ်ထူကိုယ်ထတည်ဆောက်ခဲ့ကြပါသည်။ နတလ ရန်ပုံငွေဖြင့်ကွန်ကရစ်တံတားဆောက်လုပ်ရန်ကျပ်သိန်း(၅၀)ချပေးခဲ့ရာခန့်မှန်းချေတွက်ချက်မှုအရကျပ်သိန်း(၁၂၀)ခန့်ကုန်ကျမည်ဖြစ်ရာကျေးရွာမှကျပ်သိန်း(၇၀)ထည့်ဝင်၍ဆောက်လုပ်ခဲ့ကြပါသည် ၄င်းလမ်းပေါ်တွင်နောက်ထပ်တံတားတစ်စင်းအတွက် နတလ ရန်ပုံငွေမှကျပ်သိန်း(၁၆၀၀)ချပေးခဲ့ဖြင့် ပေ(၁၃၀)အရှည်ကွန်ကရစ်တံတားကိုလွတ်တော်ကိုယ်စားလှယ် ဦးဖေသောင်းမှည့်ခွန်ကြားဆောက်လုပ်ခဲ့သော်လည်းထိုတံတားမှာဆောက်လုပ်ပြီး(၃)လအတွင်းမှာပင်အသုံးမပြုရသေးပဲကျိုးအက်ပျက်စီးခဲ့ပါသည်။ဌာနဆိုင်ရာသို့တင်ပြခဲ့သော်လည်းယနေ့ထိပြုပြင်ပေးခြင်းမရှိသေးပါ။ကျေးရွာတွင်းထပ်မံတည်ဆောက်ရန်ရေပြွန်(၁၀)စင်းနှင့်ကွန်ကရစ်တံတားရေပေါက်တစ်ခုဆောက်လုပ်ရန်ရှိနေပါသည်။

(၂.၁၁.၂) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ

တံတား အမျိုးအစား	အရွယ်အစား	ကောင်း/ဆိုး	တည်ဆောက်ခဲ့သောနှစ်	အသုံးပြုနိုင်သည့်ရာသီ	
				ပွင့်လင်းရာသီ	တစ်နှစ်ပတ်လုံး
ဆိပ်ခံတံတား					
ကွန်ကရစ်တံတား	၁၃၀× ၁၀ ပေ	ဆိုး	၂၀၁၅	√	√

တံတား အမျိုးအစား	အရွယ်အစား	ကောင်း/ ဆိုး	တည်ဆောက် ခဲ့သောနှစ်	အသုံးပြုနိုင်သည့်ရာသီ	
				ပွင့်လင်းရာသီ	တစ်နှစ်ပတ်လုံး
ကြိုးတံတား					
ရေပြွန်					
အခြား					

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ယခုအချိန်တွင်ဆောက်လုပ်ပြီးစီးထားသော(၁၃၀×၁၀)ပေကွန်ကရစ်တံတား မှာကျိုးအက်နေ၍အသုံးပြုရန်မသင့်သော်လည်းသွားစရာလမ်းမရှိသည့်အတွက်အန္တရာယ်ရှိမှန်းသိသိနှင့်ပင်အသုံးပြုနေရပါသည်။သက်ဆိုင်ရာဌာနများမှလည်းလာရောက်စစ်ဆေးခင်းမရှိပဲဆောက်လုပ်သောကန်ထရိုက်မှာလည်းမျက်ကွယ်ပြုထားပါသည်။ ကျေးရွာမှတောင်းဆိုသော်လည်းမည်သည့်ဌာနမှလာရောက်ဖြေရှင်းပေးခြင်းမရှိပါ။ ကျေးရွာတွင်းလမ်းများတွင်လည်းရေပြွန်ပေါက်နှင့်ကွန်ကရစ်တံတားရေပေါက်များပြုလုပ်ရန်ရှိနေပါသော်လည်းဆောက်လုပ်နိုင်ခြင်းမရှိသေးပါ။ကျေးရွာတွင်းလမ်းမှာမြေသားလမ်းဖြစ်သည့်အတွက်ထိုရေပေါက်များမဆောက်လုပ်နိုင်သေးသည့်အတွက်ပွင့်လင်းရာသီ၌သာအသုံးပြုနိုင်ပါသည်။ မိုးရာသီ၌မူနွားလှည်းပင်အသုံးမပြုနိုင်ပေ။

(၂.၁၁.၃) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၄၂) **ရေကြောင်း** သယ်ယူပို့ဆောင်ရေး

သယ်ယူပို့ဆောင်ရေး	အကွာအဝေး (မိုင်)	ယာဉ် အမျိုးအစား	ရာသီအလိုက် သုံးစွဲနိုင်မှု	
			ပွင့်လင်းရာသီ	တစ်နှစ်ပတ်လုံး
မြစ်ကြောင်း	-			
ပင်လယ်ရေကြောင်း	-			
အခြား	-			

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ၁ – လှေသမ္ဘာန် ၂ - မော်တော် ၃ - သင်္ဘော

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ရေကြောင်းသယ်ယူပို့ဆောင်ရေး မရှိပါ။

(၂.၁၁.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုးအစား	စက်လှေ	လှေ၊ သမ္ဘာန်	စက်ဘီး	မော်တော်ဆိုင်ကယ်	သုံးဘီးဆိုင်ကယ်၊ ထော်လာကျီ	ကား	မြင်းလှည်း	နွားလှည်း
အရေအတွက်		၅	၃၉	၁၄၄	၂၃	၆	-	၁၁၇

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။

ကျေးရွာရှိသယ်ယူပို့ဆောင်ရေးတွင်ဆိုင်ကယ်နှင့်ထော်လာကျီအများဆုံးအသုံးပြုကြသည်။ထုတ်ကုန်များပို့ဆောင်ရာတွင်လမ်းပမ်းဆက်သွယ်ရေးခက်ခဲသောကြောင့်ထော်လာကျီဖြင့်သာအဆင်ပြေသောကြောင့်ဖြစ်သည်။ဖြစ်သည်။စပါးကုန်ထုတ်လမ်းသည်ရာသီချိန်ကာလတွင်လည်းထော်လာကျီသာအသုံးပြု၍ရပါသည်။ကားများအသုံးပြု၍မရပါ။လယ်ပိုင်ရှင်များမှလယ်ကွင်းများဖြတ်မောင်းရန်သဘောမတူသောတောင်သူများရှိနေသည်။ကုန်ထုတ်လမ်းမှသာသွားခိုင်းသောကြောင့်အဆင်မပြေအခက်အခဲများနှင့်ကြုံတွေ့နေကြောင်းလေ့လာတွေ့ရှိရပါသည်။

(၂.၁၂) လျှပ်စစ်မီးရရှိမှု

ဇယား (၄၄) **လျှပ်စစ်မီးရရှိမှု အခြေအနေ**

ရင်းမြစ်	အိမ်ထောင်စု	ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့)	အခက်အခဲရှိ/မရှိ
မဟာဓာတ်အားလိုင်း			
ဆိုလာစနစ်	၁၉၈	ညံ့	ရှိ
အသေးစားရေအားလျှပ်စစ်	-		
ဒီဇယ်သုံးအင်ဂျင်			
လေစွမ်းအင်	-		
ဇီဝလောင်စာ	-		
အခြား			

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်ဆိုလာစနစ်ရှိသော်လည်းအားသွင်းစက်များပျက်စီး၍အသုံးမပြုနိုင်ပါ။ကိုယ်ပိုင်ဝယ်ယူအသုံးပြုရသည်ကများသည်။လျှပ်စစ်မီးမှာယခုစတင်သွယ်တန်းနေပြီဖြစ်ပါသည်။အခြားလျှပ်စစ်ထုတ်လုပ်သုံးစွဲမှုမရှိပေ။

(၂.၁၃) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား (၄၅) **ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ**

စဉ်	ဖုန်း	ရေဒီယို	တီဗွီ	ဂြိုလ်တုစလောင်း	အခြား
အရေအတွက်	၃၃၇	၅၀	၇၃	၃၃	

- **ရပ်မိရပ်ဖ အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်ဆက်သွယ်ရေးလိုင်းကောင်းမွန်သဖြင့်အိမ်တိုင်းလိုလိုပင်ဖုန်းရှိကြကြောင်းတွေ့ရှိရသည်။ခေါက်တီဗွီအသေးစားလေးများကိုလည်းတော်တော်များများတွေ့ရသည်။လျပ်စစ်မီးမရရှိသော ကြောင့် ဆိုလာမီးကိုသာအသုံးပြုရသောသောကြောင့်အခက်အခဲများရှိသည်။ဖုန်းအားသွင်းခြင်းမှ အစဗွီဒီယိုကြည့်သည်အထိအခက်အခဲများရှိနေသည်ကိုလေ့လာတွေ့ရှိရပါသည်။

(၂.၁၄) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၆) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

လုပ်ငန်းအမည်	ဝန်ဆောင်မှု
အပန်းဖြေနိုင်သည့်နေရာများအား လက်လှမ်းမီမှု	သီးသန့်မရှိ၊
လူမှုရေးလုပ်ငန်းများတွင်ပါဝင်မှု	ပါဝင်မှုရှိ(အပျိုလူပျိုအဖွဲ့)
ဘာသာရေးလုပ်ငန်းများတွင်ပါဝင်မှု	အပျိုလူပျိုအဖွဲ့ရှိ
အားကစားပစ္စည်းများအား လက်လှမ်းမီမှု	မရှိ
ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်မှု	အနည်းငယ်ရှိ
ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေး	ရှိ
စာကြည့်တိုက်၊အင်တာနက်စသည်များအား လက်လှမ်းမီမှု	စာကြည့်တိုက် မရှိပါ။အင်တာနက်လက်လှမ်းမီပါသည်။

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာရှိဘာသာရေး၊လူမှုရေး၊ဖွံ့ဖြိုးရေးရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေးအဖွဲ့များတွင်လူငယ်များ၊အပျိုလူပျိုအဖွဲ့များဖွဲ့စည်း၍ဆောင်ရွက်လုပ်ကိုင်ကြပါသည်။ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်မှုအားနည်းသည်ကိုတွေ့ရှိရသည်။ထိုသို့အားနည်းရခြင်းမှာအပျိုလူပျိုအဖွဲ့ခေါင်းဆောင်တယူသန်စိတ်ကြောင့်ဖြစ်ရသည်ကများသည်။လူငယ်တိုင်အင်တာနက်သုံးစွဲကြသည်ကိုလေ့လာတွေ့ရှိရပါ သည်။ ဆက်သွယ်ရေးအင်တာနက်လိုင်းကောင်းသည်ကိုလေ့လာတွေ့ရှိရပါသည်။

(၂.၁၅) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ

(၂.၁၅.၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု

ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

ဝန်ဆောင်မှုများ	ရှင်းလင်းချက်
ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦများအား လက်လှမ်းမီမှု	လက်လှမ်းမီမှုရှိပါသည်။
အာမခံလုပ်ငန်းများအား လက်လှမ်းမီမှု	မရှိ
လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျော့ချရေးအစီအစဉ်	ရှိ
ရဲစခန်းများအား လက်လှမ်းမီမှု	လက်လှမ်းမီမှုမရှိ
အခြား	-

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိလူထုအခြေပြုအဖွဲ့များမှဘေးအန္တရာယ်ကိုပထမဦးဆုံးရင်ဆိုင်ဖြေရှင်းနေရပါသည်။ရဲစခန်းမှာကျေးရွာမှမိုင်(၂၀)ကွာဝေးပြီးလမ်းပမ်းဆက်သွယ်ရေးခက်ခဲခြင်းကြောင့်ပြဿနာတစ်စုံတစ်ရာဖြစ်ပေါ်လာပါကချက်ချင်းမရောက်ရှိနိုင်ပေ။ထို့အပြင်မတရားလက်နက်ကိုင်အဖွဲ့အစည်း(KIA)နှင့်နီးကပ်သောကြောင့်အင်အားတောင့်တင်းမှုအလုံအလောက်မရှိပါကကျေးရွာသို့လာရန်မရဲကြပေ။ထို့ကြောင့်ကျေးရွာမှအဆင်ပြေသလိုဖြေရှင်းပြီးရဲစခန်းသို့ပို့ပေးရပါသည်။ထို့ကြောင့်အုပ်ချုပ်ရေးပိုင်းတွင်ကျေးရွာအုပ်ချုပ်ရေးမှူးများအနေဖြင့်များစွာအခက်အခဲများနှင့်ကြုံတွေ့ရပါသည်။ကျေးရွာ၏လုံခြုံရေးအတွက်သက်ဆိုင်ရာ၏ဝန်ဆောင်မှုများမှာလက်လှမ်းမမီနိုင်ပေ။အချို့ပြဿနာများမှာကျေး ရွာမှဖြေရှင်းသည်ကိုလက်မခံပဲ (KIA) အဖွဲ့များသို့တိုင်ကြား၍မတရားခံရသည်များလည်းရှိသည်။

(၂.၁၅.၂) မှုခင်းဖြစ်ပွားမှု

ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

	လူကုန်ကူးမှု	ခိုးမှု	မူးယစ်ဆေးသုံးစွဲမှု	အကြမ်းဖက်မှု
စိုးရိမ် /သာမန်	၂	၁	၁	၂

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

မှတ်ချက် - စိုးရိမ် = ၁၊ သာမာန် - ၂

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏လမ်းပမ်းဆက်သွယ်ရေးမကောင်းသဖြင့်အုပ်ချုပ်မှုပိုင်းဆိုင်ရာအ

သွားအလာနည်းပါးခြင်း၊ မတရားလက်နက်ကိုင်အဖွဲ့များနှင့်နီးကပ်နေခြင်း၊ရဲစခန်းမရှိ၍မူးယစ်ဆေးရောင်းဝယ်ဖောက်ကားသူများပြားလာခြင်း၊အလုပ်အကိုင်အခွင့်အလမ်းများနည်းပါးခြင်းကြောင့်မူးယစ်ဆေးသုံးစွဲသူများလာခြင်း၊ခိုးမှုများပေါ်လာခြင်း၊သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များမှထိရောက်စွာအုပ်ချုပ်နိုင်သော်လည်းမတရားလက်နက်ကိုင်အဖွဲ့များနှင့်နီးကပ်စွာရှိေနသည့်အတွက်ထိရောက်စွာအုပ်ချုပ်၍မရခြင်း၊ကျေးရွာသို့အမြဲမလာရဲခြင်းတို့ကြောင့်ခိုးမှုနှင့်မူးယစ်ဆေးသုံးစွဲမှုတို့မှာမြင့်မားလာကြောင်းလေ့ လာတွေ့ရှိရပါသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ

အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ	ရှင်းလင်းဖော်ပြချက်
• သဘာဝအရင်းအမြစ်များ	သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေဆီဩဇာ အတော်အသင့်ကောင်းမွန်သည်။လမ်းပမ်းဆက်သွယ်ရေးကောင်းမွန်ပါက တောင်သူ များလည်း လယ်ယာထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင်ပြီးရောင်းချနိုင်သည်။စပါးကိုသာအဓိကစိုက်ပျိုးကြသည်။
• နေရာတည်ရှိမှုနှင့် ပထဝီဆိုင်ရာအားသာချက်	ကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့်ဒေသဖြစ်ပြီးအင်းတော်ကြီးသွားအင်း၏အနောက်ဘက်ဆုံးတွင်တည်ရှိပါသည်။ကျေးရွာချင်းဆက်လမ်းများမှာမြေသားလမ်းများဖြစ်သောကြောင့်မိုးတွင်းကာလလမ်းပမ်း ဆက်သွယ်ရေးအားဖြင့်ခက်ခဲသောကြောင့် သက်ဆိုင်ရာဌာနများသို့တင်ပြတောင်းခံထားပါသည်။
• ရပ်ရွာတည်ငြိမ်အေးချမ်းမှု	ကျေးရွာတွင်ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးသော်လည်းမူးယစ်ဆေးသုံးစွဲသူများအများအပြားရှိပါသည်။
• ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	ကျေးရွာအတွင်းတွင်ပြင်ပနှင့်ကျေးရွာအတွင်းမှဖွဲ့စည်းထားသောလူထုအခြေပြု အဖွဲ့အစည်းများ မရှိပါ။
• ဆက်သွယ်ရေး	ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ကျေးရွာတွင် အင် တာ နက်အသုံးပြုနိုင်မှုကောင်း မွန်ပြီး အခြားသတင်းအချက် အလက် များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။
• ကျန်းမာရေးအဆောက်အအုံနှင့် ဝန်ဆောင်မှုများ	ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့်ဝန်ဆောင်မှုများကို(၂)မိုင်ခန့်ဝေးသောအုပ်စုကျေးရွာသို့အလွယ်တကူလက်လှမ်းမှီနိုင်ကြသည်။ကျေးရွာသားများအနေဖြင့် စိုးရိမ် ရ သောဆေးဝါးကုသလိုမှုအတွက် ဟိုပင်မြို့ဆေးရုံ၊ မိုးညှင်းမြို့နယ်ဆေးရုံသို့ သွား ရောက်ပြီး ဆေးကုသမှုများ ခံယူနိုင်ကြသည်။
• ကျေးရွာလျှပ်စစ်မီး	ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓါတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲနိုင်ရန်သွယ်တန်းလျက်ရှိပြီးလတ်တလောအားဖြင့်ဆိုလာမီးသုံးစွဲကာ

အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ	ရှင်းလင်းဖော်ပြချက်
	ကျေးရွာဏ်လူနေမှုအဆင့်တန်းမြင့် မားစေပါသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှု များ

အဟန့်အတားများ၊ စိန်ခေါ်မှုများ	ရှင်းလင်းဖော်ပြချက်
• ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု	ကျေးရွာအနေအထားအရ ၊ ယေဘုယျအားဖြင့်အဟန့် အတား စိန်ခေါ်မှု အများအပြား မတွေ့ရှိ ရပေ။ သို့သော်ကျေးရွာတွင် ကျေးရွာအခြေပြုအဖွဲ့အစည်းများရှိပြီး၊ အဖွဲ့များကြားတွင်အား ပြိုင်မှုအချို့ ရှိနေ ကြောင်း တွေ့ရှိရသည်။ ပူးပေါင်းပါဝင် ဆောင် ရွက်မှုရှိသော်လည်း ခေါင်းဆောင်မှုအပိုင်းနှင့် ညှိနှိုင်း ဆောင် ရွက်မှုအပိုင်းတွင် စနစ်ကျမှုအနည်းငယ်အားနည်း ကြောင်း တွေ့ ရှိရသည်။
• သဘာဝအရင်းအမြစ်ထုတ်ယူသုံး စွဲမှု ကန့်သတ်ချက်များ	စိုက်ပျိုးမြေတိုးချဲ့နိုင်မှုနှင့် ပတ်သက်ပြီး မြေလွတ် မြေရိုင်း များ ထပ်မံ မတိုးချဲ့ နိုင်တော့ ပဲ လက်ရှိမြေပေါ်တွင် ထုတ်လုပ် မှု တိုးမြှင့်ရန်ဆောင်ရွက်ကြသည်။
• ကျန်းမာရေးဝန်ဆောင်မှု	ကျေးလက်ကျန်းမာရေးဌာနရှိသော်လည်းဆေးဝါးမလုံလောက် သောကြောင့် အရေးပေါ်ကိစ္စရပ်များတွင် အခြားဒေသသို့ (ဟိုပင်နှင့်မိုးညှင်းမြို့နယ်ဆေးရုံများသို့)သွားရောက်ကုသရသ ဖြင့် အချိန်ကြာမြင့်မှု ရှိပေသည်။

ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	**ရပ်မိရပ်ဖအုပ်စု**					
	ပုံစံ(ဖဖ)နှင့်မှတ်ပုံတင်အပြည့်အစုံမရှိခြင်း	• သက်ဆိုင်ရာအဖွဲ့များနှင့်ချိတ်ဆက်မှုမရှိခြင်း၊အုပ်စုအလိုက်တာဝန်ကျဝန်ထမ်းမှကွင်းဆင်းမှုအားနည်းခြင်း၊	ကျေးရွာနေလူထုမှမြို့နယ်ထိလာရောက်ပြုလုပ်ရန်ဆန္ဒရှိခြင်း၊	• လမ်းပမ်းဆက်သွယ်ရေးမကောင်းခြင်း၊သက်ဆိုင်ရာဌာနများ၊မြို့နယ်ရုံးထိလာရောက်လုပ်ကိုင်သောကျေးရွာသားများလိုအပ်သောထောက်ခံချက်များမပြည့်စုံဟုဆိုကာအကြိမ်ကြိမ်လာရောက်ရခြင်းအတွက်ခရီးဝေးသောကြောင့်မလာနိုင်ခြင်း၊	• သက်ဆိုင်ရာဌာနများမှကွင်းဆင်းပြုလုပ်ပေးခြင်း၊လိုအပ်သည့်ထောက်ခံချက်များရှင်းလင်းပြောပြခြင်း၊အလျင်အမြန်ဆောင်ရွက်ပေးခြင်း	- သက်ဆိုင်ရာဌာနများမှကွင်းဆင်းပြုလုပ်ပေးရန်
	သံဆိုင်ရာဌာနများနှ	• အတွေ့အကြုံဗဟုသု	• ကျေးရွာမှစနစ်တ	• ကျေးရွာအုပ်ချုပ်	• သက်ဆိုင်ရာအုပ်ချု	ပြဿနာတစုံတရာဖြစ်

	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
	ငှ်လက်လှမ်းမီမှုအားနည်းခြင်း၊မတရားလက်နက်ကိုင်အဖွဲ့အစည်းများနှင့်နီးကပ်ခြင်း	တအားနည်းခြင်း၊နီးရာအဖွဲ့အစည်းများအားကိုးခြင်း၊ဖြေရှင်းခြင်း၊ကေးရွာအုပ်ချုပ်မှုစနစ်အာမခံချက်မရှိခြင်း၊	ကျနှင့်အုပ်ချုပ်ရေးအဖွဲ့များနီးကပ်စွာရှိနေမှုလိုလားခြင်း	ရေးမှူးဏ၏ဆုံးဖြတ်ချက်ကိုမကျေနပ်သူများမှမတရားလက်နက်ကိုင်အဖွဲ့များအားတိုင်တန်း၍ဖြေရှင်းခြင်း	ပ်ရေးစခန်းများနီးကပ်စွာတည်ရှိနိုင်ခြင်း	ပေါ်လာပါကသက်ဆိုင်ရာဌာနများအလျင်အမြန်လာရောက်ဖြေရှင်းနိုင်ရေး၊ရဲစခန်းများတည်ရှိနိုင်ရေးနီးကပ်စွာလက်တွဲအုပ်ချုပ်ခြင်း
	မူးယစ်ဆေးဝါးသုံးစွဲသူများပြားခြင်း၊ရောင်းချသူပေါများခြင်း	အုပ်ချုပ်ရေးလက်လှမ်းမီမှုအားနည်းခြင်း၊	ကျေးရွာလူထုအခြေပြုအဖွဲ့အစည်းများမှစိတ်အားထက်သန်စွာပူးပေါင်းနှိမ်နင်းခြင်း	မူးယစ်ဆေးဝါးရောင်းချသူများမှအုပ်စုဖွဲ့လက်နက်ကိုင်ရောင်းချခြင်း၊အုပ်ချုပ်ရေးရဲစခန်းမရှိခြင်း၊ရောင်းချသူများမှမိမိပိုင်အိမ်ဝန်းအတွင်းရောင်းချခြင်းကြောင့်သက်ဆိုင်ရာအဖွဲ့အစည်းမပါပဲဝင်ရောက်ဖမ်းဆီးမရခြ	မူးယစ်ဆေးနှင့်ပါတ်သက်လျင်ကျေးရွာအုပ်ချုပ်ရေးမှူးများကိုဝရမ်းထုတ်ခွင်	-

	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
				င်း၊		
						-
	• လမ်းပမ်းဆက်သွယ်ရေးမကောင်းခြင်း၊	• စနစ်တကျပြုပြင်မှုမရှိခြင်း	• သဲကျောက်ပေါများခြင်း	• သက်ဆိုင်ရာဌာနများနှင့်နိုင်ငံတော်မှချပေးသောရန်ပုံငွေများကိုသက်ဆိုင်ရာဖဆာက်လုပ်ရေးအဖွဲ့များမှစံချိန်စံညွှန်းပြည့်မီအောင်မလုပ်ခြင်း	• သက်ဆိုင်ရာဌာနဆိုင်ရာများကဆောက်လုပ်ရေးကုမ္ပဏီများကိုတိကျစွာစိစစ်နိုင်ရေး	- သက်ဆိုင်ရာအဖွဲ့အစည်းများမှဒေသဆိုင်ရာလမ်းများအလျင်မြန်ဆောက်လုပ်နိုင်ရေး၊လမ်းတံတားဆောက်လုပ်မှုများတိကျစွာစိစစ်ပေးနိုင်ရေး
၂	**လယ်သမားအုပ်စု**					
	• စိုက်ပျိုးသီးနှံနည်းပညာအသုံးပြုနိုင်မှုနည်းပါးခြင်းပိုးနှင့်ရောဂါကျရောက်ခြင်း၊မျိုးကောင်းမျိုးသန့်လိုအပ်ခြင်း၊	• နည်းပညာဝန်ဆောင်မှုအားနည်းခြင်း • သဘာဝအရရောဂါဖြစ်နိုင်သည့်အခြေအနေပေါင်းစုံဖြစ်ပေါ်ခြင်း • မျိုးထိန်း၊မျိုးချန်ရန်	• စိုက်ပျိုးရေးဦးစီးဌာနရှိခြင်း • မြေဆီဩဇာကောင်း၍သဘာဝအတိုင်းစိုက်ပျိုးနိုင်ခြင်း • လယ်ယာမြေပေါများခြင်း	• ကျေးရွာထိလာရောက်ကွင်းဆင်းသည့်ဝန်ထမ်းနည်းပါးခြင်း၊	• ဝန်ဆောင်မှုပြည့်ဝစွာရရန်စိုက်ပျိုးရေးဦးစီးဌာနနှင့်ပုဂ္ဂလိက အဖွဲ့များနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း • မြို့နယ်အဖွဲ့အစည်း	စိုက်ပျိုးရေးနည်းပညာများရရှိနိုင်ရေးဆောင်ရွက်ခြင်း၊အရေးကြီးသွင်းအားစုများရရှိတိုးတက်စေခြင်း၊မျိုးကောင်းမျိုးသန့်များစုပေါင်းဝယ်ယူရန်စီစဉ်ဆောင်ရွ

	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
		အသိမရှိခြင်း၊ • မျိုးကောင်းမျိုးသန့် မဝယ်နိုင်ခြင်း၊သယ်ယူပို့ဆောင်ရေးခက်ခဲခြင်း			များ၏အကူအညီဖြင့်အရေးကြီးသွင်းအားစုများလက်လှမ်းမီအောင်ချိတ်ဆက် ခြင်း • မြို့နယ်အဖွဲ့အစည်းများ၏အကူအညီဖြင့်ရေနည်းစနစ်မှန်ကန်စွာရရှိရေးအစီအစဉ်များဆောင်ရွက်ခြင်း၊	က်ခြင်း၊
	• စိုက်ပျိုးရိတ်သိမ်းထွန်ယက်မှုများအချိန်မီမပြုလုပ်နိုင်ခြင်း	လုပ်သားရှားပါးခြင်း၊ခိုင်းကျွဲ၊ခိုင်းနွားမလုံလောက်ခြင်း လယ်ယာသုံးစက်ကိရိယာမလုံလောက်ခြင်း	• အလုပ်လုပ်နိုင်သူဦးရေများပြားစွာရှိခြင်း	စိုက်ပျိုးမြေမပိုင်ဆိုင်သည့်တောင်သူများရှိခြင်း	• အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ရန်လုပ်ငန်းရှင်များနှင့်ချိတ်ဆက်ဆောင်ရွက်ပေးခြင်း	○ လယ်ယာသုံးစက်ကရိယာများအရစ်ကျဖြင့်ဝယ်ယူငှားရမ်းနိုင်ရန်ချိတ်ဆက်ဆောင်ရွက်ခြင်း
	• စိုက်ပျိုးသီးနှံရောင်းဝယ်မှုစွေးနှုန်းတိကျစွာမရရှိခြင်း၊	လမ်းပမ်းဆက်သွယ်ရေးမကောင်းခြင်း	• တောင်သူများကုန်ထုတ်လမ်းဖောက်လုပ်လိုခြင်း၊ထုတ်	• လမ်းပန်းဆက်သွယ်ရေးမကောင်းခြင်း၊ခရီးကွာဝေး	• ကျေးရွာ၌ကုန်စည်အဝယ်ဒိုင်များရှိလာပြီးတိကျသည့်စွေး	○ သက်ဆိုင်ရာများမှကုန်စည်ဒိုင်များနှင့်ချိတ်ဆက်ပေးနိုင်ရေးစွေး

	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
			ကုန်အားကောင်းခြင်း	လွန်းခြင်းတို့ကြောင့်တိကျသည့်စျေးနှုန်းမရရှိခြင်း	နှုန်း သတ်မှတ်ခြင်း၊	နှုန်းတိကျစွာသတ်မှတ်ပေးနိုင်ရေး
၃	**မေွးမြူရေး**					
	• မွေးမြူရေးနည်းပညာအားနည်းခြင်း	• နည်းပညာဝန်ဆောင်မှုမရှိခြင်း၊ကာကွယ်ဆေးမထိုးနှံနိုင်ခြင်း၊	• တပိုင်တနိုင်မွေးမြူရေးကိုသာစိတ်ပါဝင်စားသူများပြားခြင်း	• ဖွဲ့ဆန်ကွဲစျေးကြီး၍ဝယ်မရခြင်း • ဆန်စက်ကြီးများမရှိခြင်း	• တိရစ္ဆာန်ရောဂါကာကွယ်ရေးအတွက် တိုးတက်အောင်ဆောင်ရွက်ခြင်း၊မွေးကုဋ္ဌီးစီးဌာနနှင့်ချိတ်ဆက်၍ဝန်ဆောင်မှုရရှိအောင်ဆောင်ရွက်ခြင်း၊	–တိရစ္ဆန်ဝန်ဆောင်မှုမွေးမြူရေးဆိုင်ရာရရှိရန်ဆောင်ရွက်ခြင်း၊ကာကွယ်ဆေးထိုးရေးအစီအစဉ်အကောင်ထည်ဖော်ခြင်း၊ မျိုးကောင်းမျိုးသန့်များရရှိအောင်ဆောင်ရွက်ပေးခြင်း၊
	ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ					
	• စီးပွားရေး၊လူမှုရေးနှင့်အရေးပေါ်ကိစ္စရပ်များအတွက်ချေးငွေရ	အစိုးရဌာနချေးငွေများတွင်ကန့်သတ်ချက်များသဖြင့် အဆင်မပြေခြင်း၊	ဒေသခံလူထုများမှစိတ်ဝင်စားမှုအားကောင်းခြင်း	• လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ နယ်မြေလုံခြုံမှုစိ	• သက်ဆိုင်ရာငွေကြေးဝန်ဆောင်မှုအဖွဲ့အစည်းများသွား	–မြစိမ်းရောင်စီမံကိန်းရရှိလိုခြင်း၊ –ဘဏ်များ၊ငွေကြေးဝန်

	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
	ရှိနိုင်မှုခက်ခဲခြင်း	ပုဂ္ဂလိကဘဏ်များ၊အာမခံပစ္စည်းမပါလျင်မချေးပေးအသေးစားငွေကြေးဝန်ဆောင်မှုလုပ်ငန်းများရှာတိုင်းမရောက်နိုင်ခြင်း၊		တ်မချရခြင်း	ရောက်နိုင်ရန်အုပ်ချုပ်ရေးစခန်းများတည်ဆောက်ခြင်း၊လမ်းပန်းဆက်သွယ်ရေးကောင်းမွန်အောင်ပြုလုပ်ခြင်းလုပ်ငန်းအလိုက်အစုအဖွဲ့များပေါ်ပေါက်လာစေရန် ဆောင်ရွက်ပြီးအစုအဖွဲ့စနစ်ဖြင့်ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုပေးသည့်စနစ်ဖြင့်ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများနှင့်ဆက်သွယ်ခြင်း၊ပြည်ပငွေကြေးအဖွဲ့အစည်းများဘဏ်များနှင့်ကျေးရွာရှိလုပ်ငန်းအ	ဆောင်မှုအဖွဲ့များနှင့်ချိတ်ဆက်ဆောင်ရွက်နိုင်ရန်စီစဉ်ခြင်း၊ – လုပ်ငန်းအလိုက်ကျစ်လစ်ခိုင်မာသည့်ငွေကြေးဆိုင်ရာအစုအဖွဲ့များဖွဲ့စည်းပြုစုပျိုးထောင်ပေးခြင်း၊ – ဤအဖွဲ့များနှင့်ဘဏ်များပုဂ္ဂလိကလုပ်ငန်းရှင်များပြည်ပငွေကြေးအဖွဲ့အစည်းများနှင့်ချိတ်ဆက်နိုင်မည့်မူဝါဒများနှင့်လုပ်ထုံးလုပ်နည်းများဆိုင်ရာပံ့ပိုးမှုများတောင်းခံခြင်း – လက်ရှိအစိုးရဌာနများမှထုတ်ချေးနေသည့်ချေးငွေများပိုမိုထိရောက်သွက်လက်စေရန်တင်ပြတောင်းဆိုခြင်း၊

	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
					ခြေပြုအစုအဖွဲ့များ ချိတ်ဆက်နိုင်ရေး စီစဉ်ဆက်သွယ်တင်ပြခြင်း၊	
	•			•	•	–
၄	**စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများလုပ်ကိုင်သူအုပ်စု**					
	• အလုပ်အကိုင်အခွင့် အလမ်းများရှား ပါးခြင်း	• ကျေးရွာတွင်အလုပ်ရုံ စက်ရုံများမရှိခြင်း • ကျေးရွာပတ်ဝန်းကျင်ခရီးသွားလုပ်ငန်းမရှိခြင်း • ဝန်ဆောင်မှုလုပ်ငန်းနှင့်ဆိုင်သောအတတ်ပညာများကျွမ်းကျင်မှုအားနည်းခြင်း	• ခရီးသွားများစိတ်ဝင်စားစရာနေရာများရှိနေခြင်း၊ခရီးသွားအဝင်အထွက်ရှိနေခြင်း၊	• နယ်မြေဒေသအေးချမ်းမှုအားနည်းခြင်း၊ခရီးသွားဝန်ဆောင်မှုအဖွဲ့အစည်းများအားနည်းခြင်း၊	• မြို့နယ်မှတဆင့်ပြည်ထောင်စုအဆင့် သို့မူဝါဒဆိုင်ရာပံ့ပိုးရန်တင်ပြတောင်းဆိုခြင်း၊	အလုပ်အကိုင်အခွင့်အလမ်းများဖော်ထုတ်နိုင်ရန်မူဝါဒဆိုင်ရာပံ့ပိုးမှုတင်ပြတောင်းဆိုခြင်း၊ ကျေးရွာဖွံ့ဖြိုးရေးအကိုးကားဖြင့်ဒေသဖွံ့ဖြိုးရေးဆိုင်ရာခရီးသွားလုပ်ငန်းစက်ရုံအလုပ်ရုံ၊အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများသက်ဆိုင်သည့်မူဝါဒပံ့ပိုးမှုများကိုလွတ်တော်ကိုယ်စားလှယ်များမှတဆင့်တင်ပြခြင်း
၅	**အမျိုးသမီးအုပ်စု**					

	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့်စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ
	ပညာရေး ကျောင်းအဆောက်အဦမလုံလောက်ခြင်း၊ တတ်မြောက်မှုအရည်အသွေးသာမာန်ဖြစ်ခြင်း	• ကျောင်းသားဦးရေတိုးလာခြင်း၊ကျောင်းအဆောက်အဦများဆက်လက်မတည်ဆောက်နိုင်ခြင်း	• ကျေးရွာမိဘများမှသားသမီးပညာရေးအားပေးလာခြင်း	• **ကျောင်းဆောင်မလုံလောက်ခြင်း**၊ ဆရာအင်အားမပြည့်စုံခြင်းကိုယ်ထူကိုယ်ထထူထောင်မှအဆင်ပြေနိုင်ခြင်း	• ပညာရေးဌာနနှင့်ချိတ်ဆက်၍လိုအပ်ချက်များတင်ပြတောင်းဆိုခြင်း၊ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်၍လိုအပ်ချက်များတင်ပြတောင်းဆိုခြင်း၊	ကလေးပျော်၍ဘက်စုံတော်သည့်ကျောင်းအဖြစ်တည်ဆောက်ခြင်းအရိပ်ရကစားကွင်းနေရာနှင့်ဆီးဆေ့ဒန်း၊ ဘားဒန်းစသည်ဖြင့်စီမံထားရှိခြင်း
	ကျန်းမာရေး • **ရာသီအလိုက်ဖြစ်**သောရောဂါများဖြစ်ခြင်း(ငှက်ဖျား၊တုပ်ကွေး၊ဝမ်းလျော)	• ရာသီဥ တုကြောင့်ရောဂါဖြစ်ပွားစေခြင်း • ပတ်ဝန်းကျင်သန့်ရှင်းမှုအားနည်းခြင်း	• ကျန်းမာရေးဆိုင်ရာအချက်များစိတ်ဝင်စားမှရှိခြင်း	• လမ်းပမ်းဆက်သွယ်ရေးမကောင်း၊ • ကျေးလက်ဆေးပေးခန်းမရှိခြင်း	• ကျန်းမာရေးဆိုင်ရာအဆောက်အဦ၊ပစ္စည်း၊ကရိယာများပြည့်စုံစွာဖြည့်ဆည်းပေးခြင်း၊ကြိုတင်နိုးဆော်ကာကွယ်မှုများဆောင်ရွက်ခြင်း၊ • အယူသည်းခြင်းနှင့်ဆေးရုံဆေးခန်းကြောက်ခြင်းကိုပညာ	ထိရောက်သည့်ကျန်းမာရေးဝန်ဆောင်မှုကိုရရှိရန်ဆောင်ရွက်ခြင်း၊ကျေးလက်ကျန်းမာရေးဆိုင်ရာအဆောက်အဦ၊အသုံးအဆောင်နှင့်ဝန်ထမ်းဖွဲ့စည်းပုံအတိုင်းရရှိအောင်တောင်းဆိုခြင်း

	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
					ပေးဟောပြောပေးခြင်း၊လစ်လပ်ကျန်းမာရေးဝန်ထမ်းများခန့်အပ်ပေးရန်တောင်းဆိုခြင်း • ရေနှင့်သန့်ရှင်းရေးပံ့ပိုးမှုများအတွက် ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်လုပ်ဆောင်ခြင်း	
	ကစားကွင်းမရှိခြင်း အားကစားပစ္စည်းမရှိခြင်း	• ဆင်းရဲခြင်း • ကိုယ်လက်ကြံ့ခိုင်ရေးအသိမရှိခြင်း • မူးယစ်ဆေးပေါများခြင်း၊	• လူငယ်များစိတ်ဝင်စားမှုရှိခြင်း	• မူးယစ်ဆေးဝါးသုံးစွဲခြင်း	• ပညာပေးဟောပြောခြင်း၊နည်းပညာများပေးခြင်း၊ကစားကွင်းဖောက်လုပ်ပေးခြင်း၊ လူငယ်များအားကစားကိုစိတ်ဝင်တစားနှင့်ပုံမှန်လုပ်လာအောင်စီစဉ်ပေးခြင်း၊စာဖတ်ချင်စိတ်ဖြစ်လာအောင်ဖန်တီးပေးခြင်း	ကိုယ်စိတ်ကျန်းမာဖြစ်အောင်ဗဟုသုတဖြစ်စေသောအပန်းဖြေမှုများစီစဉ်ဖန်တီးပေးခြင်း၊ပြန်လည်ထူထောင်နေရာချထားရေးပြုလုပ်ခြင်း၊လူငယ်များအုပ်စုဖွဲ့ကစားနည်းဖြင့်ကစားနိုင်ရန်စီစဉ်ပေးခြင်း၊ အားကစား၊စာပေ၊စာရိတ္တ၊ လူမှုရေး

	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
					၊မူးယစ်ကင်းစင်နယ်နမိတ်ဖြစ်အောင် ဖန်တီးပေးခြင်း၊ • ထူးချွန်လူငယ်များ အားအသိအမှတ်ပြုခြင်း၊ပညာရေး၊အားကစား၊လူမှုရေးစွမ်းဆောင်မှုများအတွက် ဂုဏ်ပြုချီးမြှင့်ပေးခြင်း	စွမ်းဆောင်မှုများအတွက်ဂုဏ်ပြုပွဲများကျင်းပပေးခြင်း၊ အရက်နှင့် မူးယစ်ကင်းစင်ကျေးရွာဖြစ်စေရန်အားလုံးကဝိုင်းဝန်းဆောင်ရွက်ခြင်း (ရောင်းချသူ၊သုံးစွဲသူပညာပေးပြီးဥ ပဒေအရတားဆီးအရေးယူနိုင်ရေး)
	• လျပ်စစ်မီးမသုံးစွဲနိုင်ခြင်း၊	• မဟာဓာတ်အားလိုင်းနှင့်အလှမ်းဝေးခြင်း၊ • ငွေကြေးမတတ်နိုင်ခြင်း	**• ကျေးရွာပြည်သူများမှစိတ်အားထက်သန်ခြင်း၊**	• သက်ဆိုင်ရာဌာနများမှကွင်းဆင်းအရောက်ပေါက်နည်းခြင်း၊	• ကျေးရွာမီးလင်းရေးကော်မတီဖွဲ့စည်းပြီးကျေးလက်ဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း။	ကျေးရွာအမြန်ဆုံးမီးလင်းရေး၊မဟာဓာတ်အားလိုင်းမှမီးသွယ်တန်းပြီးဈေးနှုန်းသက်သာစွာဖြင့်လျပ်စစ်မီးတပ်ဆင်ပေးရေး

ကိုးကားစာရင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းလမ်းညွှန်စာအုပ်၊ ၂၀၁၅၊မေ။

၂။ ၂၀၁၆ ခု စက်တင်ဘာလက အိုင်လေးတူကျေးရွာတွင် ကျင်းပခဲ့သော ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းမှမှတ်စုများ၊

၃။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ကျေးရွာဆိုင်ရာရည်ညွှန်းမှတ်တမ်းစာအုပ်၊